ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 15 December 2025 ၁၂၀၃၂

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင်ကျရောက်သည့် (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယ၌ ရခိုင်ပြည်နယ်နှင့် ဒေသအသီးသီးတွင်ရောက်ရှိနေကြသော ရခိုင်တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား‌တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တာ့ခ်မင်နစ္စတန်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၄**

တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ယနေ့ဖတ်စရာ**

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လုပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ — စာမျက်နှာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ — စာမျက်နှာ ၈

အမြင့်ပျံဖို့ တောင်ပံတစ်စုံ — ဆောင်းပါး စာမျက်နှာ ၁၄

EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ — ဆောင်းပါး စာမျက်နှာ ၁၆

ကြေးမုံ

# နိုင်ငံတော်၏အကျိုးစီးပွားအတွက် အကြမ်းဖက်မှုနှိမ်နင်းသမျှရှင်းလင်းချေမှုန်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှစတင်၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ကျယ်ကျယ်လောင်လောင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ပြည်သူ့ဆေးရုံကို တပ်မတော်မှ တိုက်ခိုက်မှုကြောင့် အဆိုပါနေရာတွင် တက်ရောက်ကုသလျက်ရှိသည့် အပြစ်မဲ့ အရပ်သားပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု ပြည်တွင်းမှ အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့အပေါင်းပါများ၏ လှုံ့ဆော်မှုများနှင့်အတူ ပြည်ပမှ အလိုတူအလိုပါ အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များက တစ်ပြိုင်တည်း သွေးထိုးလှုံ့ဆော်ခဲ့ကြသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က အချက်အလက်အထောက်အထားများနှင့် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပြန်လည်ရှင်းလင်းထုတ်ပြန်ပေးခဲ့သလို နိုင်ငံအတွင်း၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူအားလုံးကလည်း ဖြစ်စဉ်အမှန်ကို သဘောပေါက်နားလည်ကြပြီးဖြစ်သည်။ ဖြစ်စဉ်အမှန်မှာ ရခိုင်ပြည်နယ်အတွင်း တပ်မတော်နှင့် AA အကြမ်းဖက်သောင်းကျန်းသူတို့အကြား ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး ဒေသအချို့အား တပ်မတော်က ခေတ္တဆုတ်ခွာပေးခဲ့သည်။ အလားတူ မြောက်ဦးမြို့ဒေသတစ်ဝိုက်တွင်လည်း တပ်မတော်နှင့် AA အကြမ်းဖက်သောင်းကျန်းသူတို့အကြား တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြောက်ဦးမြို့ကို သောင်းကျန်းသူများက ယာယီထိန်းချုပ်ခဲ့သည်။

မြောက်ဦးပြည်သူ့ဆေးရုံနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက တရားဝင်ခန့်အပ်ထားသည့် ဝန်ထမ်းများ၊ ဆရာဝန်များ၊ သူနာပြုများအနေဖြင့် တိုက်ပွဲအတွင်း ပိတ်မိမှုမရှိစေရေး ဘေးလွတ်ရာသို့ ကြိုတင်ရှောင်တိမ်းခဲ့သဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ပိတ်သိမ်းထားသည့် ဆေးရုံဖြစ်သည်။ အဆိုပါနေရာအား AA အကြမ်းဖက်သောင်းကျန်းသူများက ခိုအောင်းအခြေပြုပြီး ဆေးရုံအသွင်အဖြစ် အကာအကွယ်ယူ၍ ဖွင့်လှစ်ထားသည့် စစ်စခန်းတစ်ခုအဖြစ် အသုံးပြုနေသော အဆောက်အအုံတစ်ခုဖြစ်သည်။ AA နှင့် ဒေသခံ PDF၊ BPLA၊ အရှိုချင်းစသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ အခြေပြုစစ်စခန်းအဖြစ် အသုံးပြုနေသည့်အပြင် အုပ်ချုပ်မှုကိစ္စများလည်း ဆောင်ရွက်နေကြောင်းသိရသည်။

အဆိုပါစစ်စခန်းတွင် အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်နိုင်ရန် သောင်းကျန်းသူများ၏ မိသားစုဝင်များအား တာဝန်ပေးစေခိုင်းလျက်ရှိကြောင်း သတင်းပေးပို့မှုအရ သိရသည်။ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ တိကျသောသတင်းပေးပို့မှုအရ တပ်မတော်က လိုအပ်သောစိစစ်မှုများပြုလုပ်ကာ အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုထားသည့် အဆိုပါစစ်စခန်းနှင့်အဆောက်အအုံများကို ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ထိခိုက်သေဆုံးခဲ့ကြသူများမှာ အပြစ်မဲ့ပြည်သူ အရပ်သားများမဟုတ်ဘဲ အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်သည်မှာ ထင်ရှားသည်။

လူမှုကွန်ရက်များပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖြန့်ဝေထားသည့် ဓာတ်ပုံအထောက်အထားများအရ ဖြစ်စဉ်တွင် ၎င်းတို့အဖွဲ့မှ ဒဏ်ရာရသူများအား ရွှေ့ပြောင်းပေးနေမှု၊ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ရေးသားဖော်ပြနေမှုများအရ ဖြစ်စဉ်တွင် သေဆုံးဒဏ်ရာရသူများမှာ အပြစ်မဲ့ပြည်သူများမဟုတ်ဘဲ AA နှင့် ဒေသခံ PDF၊ BPLA၊ အရှိုချင်းစသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများနှင့် အဆိုပါစစ်စခန်းအတွင်း အခြေပြုနေထိုင် လုပ်ကိုင်ဆောင်ရွက်နေကြသော ၎င်းတို့၏အမာခံ မိသားစုဝင်များနှင့် ၎င်းတို့ကို ထောက်ခံအားပေးသည့် အမာခံများသာဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပေသည်။ သို့သော် အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းပါတစ်စုတို့သည် အဖြစ်မှန်ကိုဖုံးကွယ်ပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားအောင် မဟုတ်မမှန်လုပ်ကြံသတင်းများကို အစဉ်အလာအတိုင်းထုတ်လွှင့်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ဖြစ်စဉ်အမှန်ကို တစ်ကမ္ဘာလုံးက သိရှိနားလည်လာကြပြီး အကောင်းနှင့်အဆိုးကို ပြည်တွင်း၌သာမက နိုင်ငံတကာကပါ ခွဲခြားသိမြင်နေကြပြီဖြစ်သည်။ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံတော်အား ဆန့်ကျင်ပုန်ကန်သည့် မည်သည့်လက်နက်ကိုင်အဖွဲ့ကိုမဆို နိုင်ငံအတွင်း အခြေချလှုပ်ရှားခွင့်မပြုဘဲ အမြစ်ပြတ်ချေမှုန်းကြသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများ၏ အားပေးထောက်ခံမှုဖြင့် တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြုလုပ်နေသည့် အကြမ်းဖက်သောင်းကျန်းသူမှန်သမျှကို လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို (Rules of Engagement-ROE) နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ကို ထောက်ခံပါကြောင်း။ ။


မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

*"လူမှုစီးပွားဘဝမြှင့်တင်ဖို့*

*သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"*


## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Side Scan Sonar(SSS) Survey and Associated Studies, MOGE 24" Domestic Pipeline Route Survey နှင့် လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းတို့တွင် Pipeline Route Survey လုပ်ငန်းများ ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Block M5, M6 (Side Scan Sonar Survey Locations) Carb-A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၂၁.၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၄၀.၆၁ စက္ကန့်၊ Carb-F မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၅၀.၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၃.၃၆ စက္ကန့်၊ Carb-1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈.၂၀ စက္ကန့်၊ Block M9 (Pipeline Route Survey Locations) Line 1 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၆.၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၁၇.၈၇ စက္ကန့်၊ Line 1 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၄.၀၂ စက္ကန့်၊ Line 2 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၃၃.၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၄၈.၈၂ စက္ကန့်၊ Line 2 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇ စက္ကန့်၊ Line 3 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇ စက္ကန့်၊ Line 3 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၄၀.၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၁၉.၁၆ စက္ကန့်၊ Line 4 (Start) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၀၆.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၅၄.၈၅ စက္ကန့်နှင့် Line 4 (End) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁.၀၀ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Side Scan Sonar(SSS) Survey and Associated Studies, MOGE 24" Domestic Pipeline Route Survey နှင့် လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းတို့တွင် Pipeline Route Survey လုပ်ငန်းများအား MV.HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ၁၄ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** **ငွေကျပ် ၅၉၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏အဓိကကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်

☆ ရှေ့ဖုံးမှ

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့်ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း ပြည်နယ်တစ်ခုအဖြစ် ပါရှိခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှ ၃၁ ရက်နေ့ထိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့သည့် ဒီဇင်ဘာလ(၁၅)ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် ပထမအကြိမ် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားအားလုံးတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ရာ (၅၁)နှစ်တိုင်ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ရခိုင်တိုင်းရင်းသားတို့၏ ရှည်လျားသော ရေးသမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသော ပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်းတောက်ပသည့် ဒေသတစ်ခုဖြစ်သည်နှင့်အားလျော်စွာ **“သဇင်ပန်းခိုင်တစ်မြိုင်မြိုင် ရခိုင်ဘုရားပေါင်း”** ဆိုသည့်အတိုင်း သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများစွာ တည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသဖြင့် နိုင်ငံတော်အတွက် အရေးပါသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ ရှိသည့်အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ ပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ သာယာလှပသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ယနေ့အချိန်အခါသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော အာဏာသုံးရပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်ကာလဖြစ်ပါသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် အထွေထွေရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီးချိန်အထိ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အမျိုးသားပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြင့်မားရေးတို့ကိုလည်း ဦးတည်ချက်(၄)ရပ်ချမှတ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းပြီး ယခုဆိုလျှင် ဦးတည်ချက်(၄)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပါသည်။

ပြည်သူများလိုလားတောင့်တသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော ဂုဏ်သိက္ခာရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ လာမည့်ဒီဇင်ဘာလ (၂၈)ရက်မှစ၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

> ❖ **အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆ မှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်**
>
> ❖ **တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေးကဏ္ဍမြှင့်တင်မှုကို ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်**

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရေးစသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် (၁၀)ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် နိုင်ငံတော်၏စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်း ထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အယူအဆ မှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေးကဏ္ဍမြှင့်တင်မှုကို ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ယခုအချိန်အထိ အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အခွင့်ကောင်းယူ၍ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုကိုအသုံးချရန် အင်အားကြီးနိုင်ငံတချို့မှ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုသည့်အတွက် ဆူပူအကြမ်းဖက်မှုများနှင့် မတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းကို မြင်တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်ခဲ့သည့် MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးကိုအကြောင်းပြပြီး လွဲမှားသော အယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာကြသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြှူဆွယ်ပြီး စစ်ပွဲအတွင်း အတင်းအဓမ္မရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကို သိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ လမ်းကြောင်းမှန်ပေါ်ရောက်ရှိကြရေး တိုက်တွန်းလိုပါသည်။

လက်နက်ကိုင်ပြဿနာများကြောင့် ထိခိုက်ဆုံးရှုံးမှုအများဆုံးသည် ဖွံ့ဖြိုးမှုအားနည်းသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသာ ဖြစ်နေသည်ကို တွေ့ရပါသည်။ ထိုဒေသများသည် လွတ်လပ်ရေးမရမီနှင့် ရပြီးစကတည်းက အခြေအနေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးမှုအားနည်းခဲ့သလို ဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခများကြောင့် **“လဲရာသူခိုးထောင်း”** ဆိုသကဲ့သို့ ပိုမိုအခြေအနေဆိုးရွားနေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်လျှင် နိုင်ငံ၏ ဝေးလံလှသော ကျေးလက်ဒေသများမှာပင် တည်ငြိမ်အေးချမ်းမှုရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သော ရေခံ၊ မြေခံများရှိပြီးဖြစ်၍ တည်ငြိမ်အေးချမ်းမှု သာယာမှုရှိလာပါက ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများတွင် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေဖြစ်ပါသည်။ ထို့ကြောင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဆင်းရဲဒုက္ခခံစားနေရပြီး ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသခံပြည်သူလူထု၏ မျက်နှာကို စာနာထောက်ထား၍ တည်ငြိမ်အေးချမ်းမှုကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

**စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျား**

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများပင် ဖြစ်ကြပါသည်။ ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာ ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို စဉ်းစားဆင်ခြင်မှုကင်းမဲ့စွာဖြင့် ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ ဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးကအရှည်ကိုမြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသောလူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကိုဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း

- ★ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့အပေါ်တွင် မှီတည်လျက်ရှိ
- ★ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ

တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့်တိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့အပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် မကြာခင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးတွင် ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိက လိုအပ်လျက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို စည်းကမ်းတကျ အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ပြည်နယ်သူပြည်နယ်သားများ၏အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်




**စစ်တွေ ဒီဇင်ဘာ ၁၄**

(၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းတွင် စစ်တွေမြို့ ဓညဝတီ အားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ အားကစားအသင်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပညာရေးဌာန ဘောလုံးအသင်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ် ရဲတပ်ဖွဲ့ဘောလုံးအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဆက်လက်၍ အမျိုးသားလွန်ဆွဲပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်းနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်းက အနိုင်ရရှိသည်။

ယင်းနောက် အမျိုးသမီးလွန်ဆွဲပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်းနှင့် ပြည်နယ်ပညာရေးအသင်းတို့ ယှဉ်ပြိုင်ကြရာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းက အနိုင်ရရှိပြီး အားကစားအသင်းများ ယှဉ်ပြိုင်နေစဉ် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သမီးပျိုလေးများက Fitness Dance များဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးများက အမျိုးသမီးအငယ်တန်း ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသားအငယ်တန်း ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသမီးအကြီးတန်း ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသားအကြီးတန်း ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမျိုးသားမီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဌာနဆိုင်ရာအသင်းများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ဆုရရှိကြသော အသင်းများအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကက အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဘုန်းလျှံက ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသော အသင်းနှင့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက ဒုတိယဆုရရှိသောအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှု လက်ကမ်းစာစောင်များ ဖြန့်ဝေ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမကြီး၌ ဈေးသူဈေးသားများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများအကြောင်းနှင့် နောက်ဆက်တွဲအကျိုးဆက်များအကြောင်းပါရှိပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ဈေးများ၊ ကားဂိတ်များတွင် ပြည်သူများအား ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် ကြံခင်းမြို့နယ် ရွာသစ်ရပ်ကွက် နာရီစင်ရှေ့နှင့် မြို့မရပ်ကွက် အကောက်တောင်မုခ်ဦးရှေ့တွင် ပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ မိုးဟိန်းထက်

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး စစ်တွေမြို့ အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၄**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးနေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှု၊ ဒေသခံပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုစေမည့် Quick Win လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်နေမှုနှင့် စစ်တွေမြို့တည်နှစ် (၂၀၀) ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် အမှုဆောင်ချုပ်က ရခိုင်တိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသားများသည် စာပေလည်းတူသကဲ့သို့ ရုပ်ရည် အသွင်သဏ္ဌာန်လည်း တူသည့်နိုင်ငံသားများ ဖြစ်ကြပါကြောင်း၊ နိုင်ငံရေးအကျိုးအမြတ်လိုလားကြသူများက သွေးခွဲစည်းရုံးဟောပြောမှုနှင့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် တည်ငြိမ်အေးချမ်းနေသည့် ရခိုင်ပြည်နယ်ကြီးသည် လက်ရှိအခြေအနေတွင် နယ်မြေမတည်ငြိမ်မှုများကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နှောင့်နှေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ရခိုင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအပြင် ကမ္ဘာအနှံ့တွင် နေထိုင်လျက် ရှိကြပါကြောင်း၊ ထူးချွန်ထက်မြက်သည့် ရခိုင်တိုင်းရင်းသားပုဂ္ဂိုလ်များ များစွာ ပေါ်ထွက်ခဲ့ကြပါကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားလုံး ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာ အလားအလာကောင်းများ ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ ကြိုးစားပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း လမ်းညွှန်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ ပို့ဆောင်ရောက်ရှိနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဆိပ်ကမ်း အရာရှိချုပ်တို့က ဘက်စုံသုံးဆိပ်ကမ်းအတွင်း သင်္ဘောများ ဆိပ်ကမ်းရောက်ရှိမှု အခြေအနေ၊ ကုန်တင်ကုန်ချပြုလုပ်နေမှု အခြေအနေ၊ ဆိပ်ကမ်း၏ ရေစူးအတိမ်အနက် အခြေအနေကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များ အပေါ် အမှုဆောင်ချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဆိပ်ကမ်းတစ်လျှောက် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ဝဏ္ဏာပါကွင်း၌ (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲနှင့် စတုဒိသာကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးအား ဖူးမြော်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ဘုရားကြီး သိမ်တော် ဘက်စုံပြုပြင်မွမ်းမံရန် အတွက် အလှူငွေများ ပေးအပ်ကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




စစ်တွေမြို့ ဝဏ္ဏာပါကွင်း၌ (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲတွင် ကြည့်ရှုအားပေးနေကြသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။



## သာကေတမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**သာကေတ ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းစုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

■

# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၁၄**

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ ဆုရွေးချယ်အကဲဖြတ် စိစစ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုနှစ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်နှင့် ဝါသနာရှင် ၁၄၅ ဦးတို့က ဓာတ်ပုံပေါင်း ၄၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ၎င်းတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ငါးဆု ပေါင်း ရှစ်ဆုအတွက် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြုလုပ်ခြင်းသည် မျိုးဆက်သစ်လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါကြောင်း။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံပေါင်းများစွာအနက် ဓာတ်ပုံကောင်းများကို စိစစ်ရွေးချယ် အကဲဖြတ်ပေးကြသည့် အကဲဖြတ်ပညာရှင်ကြီးများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်မျိုးဆက်သစ်လူငယ်ပြိုင်ပွဲဝင်များသည်လည်း ဓာတ်ပုံများမှတစ်ဆင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှု၊ ချစ်စရာကောင်းသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ပေါ်လွင်စေရန် ဆက်လက်ရိုက်ကူး ပုံဖော်ဖန်တီးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်အကဲဖြတ်စိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ဓာတ်ပုံပညာရှင် ဦးစိုင်းခမ်းလင်းက ဆုများ ရွေးချယ်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌတို့က အထူးဆုရရှိခဲ့ကြသည့် ထက်သူ(ရွှေကျောင်းကြီး)၊ ဦးမြင့်မော်ထွန်း၊ အောင်ကျော်ထွန်း(ပံသုကူ)၊ ဦးချမ်းသာ(MDY)နှင့် မင်းမင်းထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် ဦးစိုးမိုးအောင်၊ ဒုတိယဆုရရှိသည့် ဦးကျော်နိုင်လင်း (လရိပ်ပြာ)၊ တတိယဆုရရှိသည့် ဦးမျိုးမင်းထိုက် (The Eagle)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိခဲ့သည့် ဦးစိုးမိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ခင်းကျင်းပြသထားသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင် ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံ၍ ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး (၁၄)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော်　ဒီဇင်ဘာ　၁၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Amamtara Siam Bangkok Hotel ၌ ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။




ဒုတိယဝန်ကြီး ဦးသိုက်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် Amamtara Siam Bangkok Hotel ၌ ကျင်းပပြုလုပ်သော (၇) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ INGOs၊ NGOs နှင့် Private Sector များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော INGOs/NGOs နှင့် Private Sector များအား ဆုချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် Organization for Building Better Society (BBS) နှင့် Pro Engineering Co.,Ltd. တို့က (၇) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုကို လက်ခံရရှိကြသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် (၁၄) ကြိမ်မြောက်အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဒုတိယဝန်ကြီးက မိမိတို့မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ဘက်စုံရေရှည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကိုက်ညီသည့် အားလုံးပူးပေါင်းပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာသည် ကျေးလက်လူထုအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် တီထွင်ဆန်းသစ်မှုများဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးကာ အားလုံးပူးပေါင်းပါဝင်သည့် ကျေးလက်ဒေသအသွင်ကူးပြောင်းရေးအတွက် စီးပွားရေးပြောင်းလဲမှုများကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ပြည်သူ့စွမ်းအား၊ ဒေသခံများ၏ စွမ်းဆောင်ရည်နှင့် အသိပညာ၊ တီထွင်ဆန်းသစ်မှုတို့၏ ပေါင်းစည်းမှု ရလဒ်စွမ်းအားကို လက်ကိုင်ပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် အစီအစဉ်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ ဒေသခံပြည်သူများ၏ ပါဝင်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် ဦးဆောင်ခွင့်များကို အလေးထားဆောင်ရွက်ရန်၊ ကျေးရွာလူထုအား ၎င်းတို့ကိုယ်တိုင် အရေးပါသော အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ရန်၊ ဦးစားပေးရွေးချယ်သတ်မှတ်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် အခွင့်အလမ်းများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အားလုံးပူးပေါင်းပါဝင်အားထုတ်မှုများအပေါ် မိမိတို့၏ခိုင်မာသောကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြောင်း၊ မည်သူ တစ်ဦးတစ်ယောက်မျှ နောက်ကျ ကျန်ခဲ့မှုမရှိစေရေး အာဆီယံအသိုက်အဝန်း၏ ကတိကဝတ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့အားလုံး စုပေါင်းစိတ်ဓာတ်ဖြင့် ရှေ့ဆက်ချီတက်ကြပါစို့ဟု အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမှာစကားပြောကြားခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက (၂၂)ကြိမ်မြောက် အာဆီယံကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ တင်ပြသည့် အစီရင်ခံစာများနှင့် ဆုံးဖြတ်ချက်များအပေါ် မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့် လမ်းညွှန် မှာကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး အောင်မြင်စွာ ပြီးစီးခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ The Sustainable and Crafts Institute သို့ သွားရောက်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ပစ္စည်းများကို အသုံးပြု၍ ရိုးရာလက်မှုပညာကို ခေတ်မီဆန်းသစ်မှုနှင့် ပေါင်းစပ်ထိန်းသိမ်းထားမှု၊ လက်မှုပညာရှင်အသိုင်းအဝိုင်းများ၏ စီးပွားရေးဆိုင်ရာ ရပ်တည်နိုင်မှုကို မြှင့်တင်ပေးမှု၊ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းထားရှိမှုတို့ကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၁၃ ရက်သာ လိုတော့သည်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပျဉ်းမနားမြို့၌ ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြမဲပေးခြင်းအခမ်းအနားသို့ တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ခေတ်အေး - ကျောက်ဖျာ - ရွာသစ်ကုန်း ကျေးရွာချင်းဆက်လမ်းအရှည် ၁ မိုင် ၄ ဖာလုံ (2 x Wheel Track) ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကျောက်ဖျာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကျောင်းစာကြည့်တိုက်အတွက် အလှူငွေနှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ကျေးရွာအတွင်းရှိ လုပ်ငန်းရှင် ဦးဇေယျာမင်း၏ ဒေသကြက် အကောင် ၇၀၀ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်၌ ကျင်းပသည့် နေပြည်တော်အတွင်းရှိပြည်သူများအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့သရုပ်ပြမဲပေးခြင်း အခမ်းအနားသို့တက်ရောက်၍ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ မဲပေးကြမည့်မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် မိမိတို့ကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မှန်မှန်ကန်ကန် မဲပေးရွေးချယ်တတ်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ သရုပ်ပြဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်စိုးဝင်းက မြန်မာအီလက်ထရောနစ် မဲပေးစက် ( MEVM ) ဖြင့် မဲပေးခြင်းဆိုင်ရာအသိပညာပေးခြင်းနှင့် ရွေးကောက်ပွဲစနစ်အကြောင်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဦးအောင်ခိုင်ဆွေက နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက MEVM စက်ဖြင့် ပြည်သူများကို မဲပေးသရုပ်ပြခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)



## ပြင်ဦးလွင်မြို့၌ မဲရုံခင်းကျင်းခြင်းဆိုင်ရာ သရုပ်ပြပွဲကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မဲရုံခင်းကျင်းခြင်းဆိုင်ရာ သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ရပ်ကွက်ကြီး (၁)၊ ချယ်ရီခန်းမ၌ကျင်းပရာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဲရုံ ၁၉၉ ရုံမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ ရပ်/ကျေးကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက မဲရုံခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို လေ့လာခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများမှ သိရှိလိုသည်များအပေါ် ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့များက ရှင်းလင်းဖြေကြားခြင်း ဆောင်ရွက်ကြပြီး ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက မဲရုံမှူး/ဒုတိယမဲရုံမှူးများသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ချမ်းအေးသာစံမြို့နယ်၌ မဲရုံပြင်ဆင်ထားရှိမှုနှင့် မဲပေးသရုပ်ပြပွဲအခမ်းအနား ကျင်းပ



ချမ်းအေးသာစံ ဒီဇင်ဘာ ၁၄

ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက မဲရုံပြင်ဆင်ထားရှိမှုနှင့် မဲပေးသရုပ်ပြပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက မဲရုံများ၏ လုံခြုံရေးအခြေအနေများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများ၊ မဲရုံများအတွင်း လျှပ်စစ်မီးရရှိရေးနှင့် လေဝင်လေထွက် ကောင်းမွန်စေရေး၊ ဆန္ဒမဲ လာရောက်ပေးသူများအား စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး၊ မဲရုံမှူးများနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်များ၊ မီဒီယာများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ဆက်လက်ပြီး မဟာအောင်မြေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသက်ဆွေဦးက မဲရုံပြင်ဆင်ထားရှိမှုနှင့် မဲပေးသရုပ်ပြခြင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ စမ်းသပ်မဲပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

## တောင်ငူခရိုင်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး စစ်ဆေးခြင်းဆောင်ရွက်

တောင်ငူ ဒီဇင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်း မပြုမီ ပြည့်စုံမှန်ကန်စေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ



ဦးဆောင်၍ မဲဆန္ဒရှင်စာရင်းများ စိစစ်စစ်ဆေး ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ နတ်သျှင်နောင်ခန်းမနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးတို့၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ တောင်ငူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်တို့က နိုင်ငံရေးပါတီ ကိုယ်စားလှယ်များအား တွေ့ဆုံပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မဲစာရင်းများပြည့်စုံမှန်ကန်စေရန် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာသူများ၊ မြေပြင်တွင် ပြန်လည်ရောက်ရှိသူများ၊ အသက်(၁၈)နှစ် မပြည့်သေးသောသူများနှင့် သေဆုံးသူများပါဝင်လာခြင်း ရှိ/မရှိ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့သည်။ ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့်အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့်အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio A ၌ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်နှင့် မူဆယ်ဒေသ၊ ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်၊ KK Park နှင့် ကျောက်ခတ်ဒေသများတွင် အစိုးရအနေဖြင့် တိုက်ဖျက်နှိမ်နင်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အွန်လိုင်းလိမ်လည်လောင်းကစားသည့် လုပ်ငန်းများသည် မြန်မာနိုင်ငံမှ စတင်ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ မီဒီယာများမှတစ်ဆင့် အကြိမ်ကြိမ်ရှင်းလင်းတင်ပြခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏နယ်စပ်ဒေသရှိ သောင်းကျန်းသူအဖွဲ့အစည်းများ ကြီးစိုးသည့် နယ်မြေများတွင် အခြေချပြီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများအား တရားမဝင်လုပ်ဆောင်နေကြခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများအား ခွင့်ပြုထားခြင်း၊ လက်ခံထားခြင်း မရှိဘဲ နှိမ်နင်းရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့မှုနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှု၊ အချို့သော EAO အဖွဲ့များက အကြမ်းဖက်ဆူပူသူများအား လက်နက်နှင့် စစ်ပညာထောက်ပံ့ပြီး နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ဆောင်ရွက်ခဲ့မှုတို့အပေါ် အခွင့်ကောင်းယူပြီး လုံခြုံရေးအခြေအနေယိုယွင်းလာမှုအပေါ် အခွင့်ကောင်းယူကာ အွန်လိုင်းလိမ်လည်မှုနေရာများ ပိုမိုများပြားလာသည့် အခြေအနေများ၊ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု အပါအဝင် အခြားသောတရားမဝင်လုပ်ငန်းများလုပ်ဆောင်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများအား တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ပူးပေါင်းနှိမ်နင်းမှုများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့သည့် အခြေအနေများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်ပြီး တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရန် အဓမ္မစေခိုင်းသည့် ဖြစ်စဉ်များအား သုံးနိုင်ငံ နားလည်မှုရှိရှိ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု(Trilateral Cooperation)ပုံစံ ထိထိရောက်ရောက် ပူးပေါင်း နှိမ်နင်းလျက်ရှိသည့် အခြေအနေများ၊ မြဝတီဒေသ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများနှင့် ဒုစရိုက်လုပ်ငန်းများ ပြန်လည်အခြေမချနိုင်စေရန် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီး ရှင်းလင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam) အွန်လိုင်းလောင်းကစားမှု (Online Gambling) များအပေါ် ဆက်လက်လုပ်ဆောင်သွားမည့် မူဝါဒနှင့် နည်းလမ်းများ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါး နှိမ်နင်းရေးဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနား အပြီးတွင် တက်ရောက် လာကြသူများက ခင်းကျင်းပြသထားသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။



ခင်းကျင်းပြသထားသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို တက်ရောက်လာကြသူများက ကြည့်ရှုကြစဉ်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ် သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ တက်ရောက် သတင်းရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာန၌ ကျင်းပပြုလုပ်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယနေ့ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါဟုနှုတ်ဆက်ပါကြောင်း။ ပထမဦးစွာ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးမည်ဖြစ်ပါကြောင်း။ မိမိကတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြစ်ပါကြောင်း။ မိမိ၏ ညာဘက်ဘေးက ပုဂ္ဂိုလ်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ ဒုတိယတပ်မတော် စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ်ဖြစ်သည့် ဗိုလ်ချုပ် ခိုင်လင်းဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေမျိုး ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော် ဖြစ်ပါကြောင်း။ မိမိရဲ့ ဘယ်ဘက်ဘေးကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်း ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဦးသက်ဆွေ ဖြစ်ပါကြောင်း။ သူ့ရဲ့ဘေးကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှူး ရဲမှူးချုပ် ကျော်ဇေယျဖြစ်ပြီး သူ့ရဲ့ဘေးကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာ သံတမန်များနှင့် ပြည်တွင်းပြည်ပ မီဒီယာများကို မိမိအနေဖြင့် ရှင်းလင်း ပြောကြားသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရှင်းလင်းပြောကြားရာတွင် အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်နှင့် မူဆယ်ဒေသ၊ ကရင် ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်၊ KK Park နှင့် ကျောက်ခတ်ဒေသများ၌ မိမိတို့အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်နှိမ်နင်းမှု ဆောင်ရွက်ခဲ့မှုများကို အပိုင်းလိုက် ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ပထမဦးစွာ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများသည် မြန်မာနိုင်ငံက စတင်ပေါ်ပေါက်လာခြင်းမဟုတ်သည်ကို မီဒီယာများမှ တစ်ဆင့် မိမိ အနေဖြင့် အကြိမ်ကြိမ်ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို အဓိကကြိုးကိုင်လုပ်ဆောင်နေသော ပိုင်ရှင်များသည် မြန်မာနိုင်ငံသားများမဟုတ်ဘဲ နိုင်ငံခြားသားများဖြစ်သည်ကို အားလုံးတွေ့ရှိနိုင်ပါ ကြောင်း ပြောကြားသည်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရှင်းလင်းပြောကြားစဉ်။

၎င်းတို့အနေဖြင့် မိမိတို့မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ သောင်းကျန်းသူအဖွဲ့အစည်းများ ကြီးစိုးသောနယ်မြေများတွင် အခြေချပြီး ယခုကဲ့သို့ လုပ်ငန်းများကို တရားမဝင်လုပ်ဆောင်နေကြခြင်း ဖြစ်ပါကြောင်း၊ ထိုဒေသများသည် လုံခြုံရေးအခြေအနေအရ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား လက်လှမ်းမမီသည်ကို အခွင့်ကောင်းယူပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ အကာအကွယ်ကို ရယူလုပ်ဆောင်ခဲ့ကြသည်ကိုလည်း တွေ့ရှိနိုင်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် ယခုကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို ခွင့်ပြုထားခြင်း၊ လက်ခံထားခြင်းမရှိသလို နှိမ်နင်းရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ တွေ့ရှိခြေရာခံမိခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်ရောဂါကြောင့် တစ်နေရာနှင့် တစ်နေရာ သွားလာမှုကန့်သတ်ချက်ရှိခဲ့ပြီး ထိုကဲ့သို့ ခက်ခဲသည့်အချိန်များကို အခွင့်ကောင်းယူပြီး အွန်လိုင်းလိမ်လည်မှုနေရာများကို မြန်မာနိုင်ငံအတွင်း တိုးချဲ့ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့မှုနောက်ပိုင်း ဖြစ်ပွားခဲ့သော နိုင်ငံရေးမတည်ငြိမ်မှု၊ အချို့သော EAO အဖွဲ့များက အကြမ်းဖက်ဆူပူသောင်းကျန်းသူများကို လက်နက်နှင့် စစ်ပညာထောက်ပံ့ပြီး နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးပျက်ပြားအောင် ဆောင်ရွက်ခဲ့မှုတို့အပေါ် အခွင့်ကောင်းယူပြီး၊ လုံခြုံရေးအခြေအနေ ယိုယွင်းလာမှုအပေါ် အခွင့်ကောင်းယူပြီး အွန်လိုင်းလိမ်လည်မှုနေရာများ ပိုမိုများပြားလာပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု အပါအဝင်အခြားသောတရားမဝင်လုပ်ငန်းများလုပ်ဆောင်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ယင်းလုပ်ငန်းများကို အဓိကလုပ်ဆောင်နေသူများသည် နိုင်ငံတကာ၌ ရာဇဝတ်မှုများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေကြသူများက ဦးဆောင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းဒေသများရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်းပြီး ပူးပေါင်းနှိမ်နင်းမှုများဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသ၌လည်း တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို နှိမ်နင်းခဲ့ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့အကြား သတင်းဖလှယ်မှုများ ဆောင်ရွက်ပြီး တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဖမ်းဆီးနှိမ်နင်းမှုများကြောင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်သူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ဘက်သို့ ရောက်ရှိလာပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း နမ့်စန်မြို့ပတ်ဝန်းကျင်နှင့် ဇူလိုင်လအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တို့၌ တရားမဝင်နိုင်ငံခြားသား ၁၃၃၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ထိုအကြောင်းအရာများကို တရားဝင် သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၃ ခုနှစ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများသည် ထိုင်း - မြန်မာ နယ်စပ် မြဝတီဒေသကို ရောက်ရှိလာပြီး ဒုစရိုက်လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်လာသောကြောင့် မြန်မာ - ထိုင်း - တရုတ် သုံးနိုင်ငံအကြား နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် မဲဆောက်မြို့တို့၌ ကျင်းပပြီး အွန်းလိုင်းလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling)ဆိုင်ရာ ရှေ့ပြေးစစ်ဆင်ရေးကိုဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရန် အခမ္မစေခိုင်းသည့်ဖြစ်စဉ်များကို သုံးနိုင်ငံနားလည်မှုရှိရှိ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု(Trilateral Cooperation)ပုံစံ ထိထိရောက်ရောက် ပူးပေါင်းနှိမ်နင်းလျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများကို သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းပြီး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းနယ်မြေ၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်နေကြသည့် နိုင်ငံခြားသားများ မည်ကဲ့သို့ ရောက်ရှိလာသည်ကို ယခင်ကလည်း ရှင်းပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဒေသကို ရောက်ရှိလာသည့် နိုင်ငံခြားသားများ၏ ၉၉ ဒသမ ၆ ရာခိုင်နှုန်းမှာ တစ်ဖက်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံထဲသို့ ကူးပြောင်းရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံထဲကို တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် တရားမဝင်နိုင်ငံခြားသားများကိုလည်း မပြတ်ဖမ်းဆီးပြီး သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် မြဝတီဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ၏ အစမှာ ၂၀၁၇ ခုနှစ်က စတင်ခဲ့သည့် ရွှေကုက္ကိုလ်စီမံကိန်း ဖြစ်ကြောင်း၊ ရွှေကုက္ကိုလ်စီမံကိန်းဆိုသည်မှာ မြန်မာ - ရထိုက် ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန် စီမံကိန်းအဖြစ် Yatai International Holding Group နှင့် ချစ်လင်းမြိုင်ကုမ္ပဏီတို့က ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ စတင်ရန် ၂၀၁၆ ခုနှစ်လောက်ကတည်းက ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က NLD အစိုးရ၏ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခဲ့သည်ကို သိရှိရကြောင်း၊ နောက်ပိုင်း ၂၀၁၇ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခွင့်ပြုချက်ရယူခဲ့သည်ကို သိရှိရကြောင်း၊ ယင်းစီမံကိန်းများကို တင်ပြရာတွင် လောင်းကစားရုံများတည်ဆောက်မည့် အစီအစဉ် မပါဝင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် ခွင့်ပြုပေးထားသည့်အဆောက်အအုံထက် ပိုမိုဆောက်လုပ်နေကြောင်းကို ပြည်သူများက တိုင်ကြားထားသောကြောင့် ထိုအချိန်က တာဝန်ယူထားသော NLD အစိုးရအနေဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သောကြောင့် စီမံကိန်းလုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါစီမံကိန်းကိစ္စများကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး၏ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း မေးခွန်းမေးမြန်းမှုနှင့် ပြန်လည်ဖြေကြားမှုများလုပ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် လောင်းကစားလုပ်ငန်းများနှင့် ပတ်သက်နေသူများက ရပ်ဆိုင်းနေသည့်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်အောင် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသည့် BRI စီမံကိန်းတွင် ပါဝင်သယောင် ဝါဒဖြန့်ခဲ့သည်ကို တွေ့ရှိရသောကြောင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက အဆိုပါ ရွှေကုက္ကိုလ်စီမံကိန်းသည် BRI စီမံကိန်းတွင် မပါဝင်ကြောင်းကို တရားဝင် သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၂၀ပြည့်နှစ် ဇူလိုင်လက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ယခု နိုင်ငံတော်ယာယီသမ္မတထံ သံအမတ်ကြီး မစ္စတာချန်ဟိုင်က လာရောက်တွေ့ဆုံစဉ် ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ ရွှေကုက္ကိုလ်စီမံကိန်းတစ်ခုတည်းသာ နိုင်ငံတော်ကို တစ်စိတ်တစ်ပိုင်းတင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့် ကျောက်ခက်နှင့် KK Park စသည့်စီမံကိန်းများမှာ လုံးဝတင်ပြခဲ့ခြင်း မရှိသည်ကိုလည်း တွေ့ရှိရကြောင်း ပြောကြားသည်။

မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာ၌ လုပ်ဆောင်နေသည့် Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းကို KKO အဖွဲ့က ဗိုလ်မှူးချုပ်အဆင့်ရှိသော စိုင်းကျော်လှက ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံအခြေစိုက် ထိုက်ချန်ကုမ္ပဏီနှင့် စာချုပ်ချုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့ပြင် KK Park စီမံကိန်းလုပ်ငန်းများကို KNU အဖွဲ့၏ မုလအိအလင်း( Mu La Ei Ahlin) ကုမ္ပဏီနှင့် ဟွာ့ညာ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းစု (Huanya International Holding Group) လက်အောက်ခံ ထိုင်းနိုင်ငံအခြေစိုက် Trans Asia International Holding Group တို့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းမှာ သဘောတူစာချုပ်ချုပ်ပြီး စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစာချုပ်တွင် မုလအိအလင်းဘက်က အသိသက်သေများအနေဖြင့် လက်ရှိ KNU ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် စောကွယ်ထူးဝင်းနှင့် KNU ကာကွယ်ရေးဌာန၏ အကြီးအကဲဖြစ်သူ စောရော်ဂျာခင်တို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြောင်းကိုလည်း မိမိတို့ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မုလအိအလင်းကုမ္ပဏီသည် KNLA စစ်ဦးစီးချုပ်အဆင့်ရှိ စောဂျော်နီ၏ သားအကြီးဆုံးဖြစ်သူ စောဒို့စိုးဂျော်နီက ပိုင်ဆိုင်ပြီး မြေပြင်တွင် ၎င်း၏ လူယုံများဖြစ်သည့် စောဝင်းကျော်နှင့် စောကျော်သူတို့က လုပ်ကိုင်နေခြင်းဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရကြောင်း ပြောကြားသည်။ **စာမျက်နှာ ၁၀ သို့ »»**

»»» **စာမျက်နှာ ၉ မှ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေး ဖြစ်စဉ်များကြောင့် နိုင်ငံတော်၏ လုံခြုံရေး အခြေအနေများအပေါ် အခွင့်ကောင်းယူပြီး ယင်းဒေသများတွင် တရားမဝင် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နေကြောင်း သိရှိရသောကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကတည်းက သက်ဆိုင်ရာ ကရင်ပြည်နယ်အစိုးရကို တရားမဝင်အဆောက်အအုံများ ဆောက်လုပ်နေထိုင်မှုမရှိစေရေး စစ်ဆေးကြပ်မတ်ဖို့ ညွှန်ကြားခဲ့သောကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အဆင့်ဆင့်ကလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တရားမဝင် အဆောက်အအုံများ ဆောက်လုပ်သည့်နယ်မြေများက လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇) ရရှိထားသူများကို တရားစွဲဆိုခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ပိုင်ခွင့်များ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား လက်လှမ်းမီပြီး တည်ငြိမ်အေးချမ်းသည့် နယ်မြေဒေသများတွင် တရားမဝင်ဒုစရိုက်ရာဇဝတ်မှုများကို လုပ်ဆောင်၍မရနိုင်ကြောင်း၊ KNU အဖွဲ့သည် ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်တွင် KNU တပ်မဟာ(၅)က ဖာပွန်မြို့နယ်အတွင်းရှိ သီးမူးထာနယ်မြေခံ လုံခြုံရေးစခန်းကို စတင်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး NCAသဘောတူညီချက်များကို ချိုးဖောက်ကာ နယ်မြေဒေသတည်ငြိမ်မှုမရှိစေရန် စတင်ဖန်တီးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်တွင် သင်္ကန်းညီနောင်မြို့ကို KNU နှင့် PDF အဖွဲ့တို့ပူးပေါင်း၍ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ကော့ကရိတ်နှင့် သင်္ကန်းညီနောင်မြို့အကြားက အာရှလမ်းမကြီးကို အကြမ်းဖက်သောင်းကျန်းသူများက ထိန်းချုပ်ခဲ့ကြောင်း၊ ကရင်ပြည်နယ် နယ်စပ်ဒေသအနှံ့အပြားတွင် KNU နှင့် အပေါင်းအပါ သောင်းကျန်းသူအဖွဲ့များက လုံခြုံရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များကို တိုက်ပွဲဖော်ဆောင်ပြီး နယ်မြေဒေသမတည်ငြိမ်အောင် လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်မှုများသည် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကို KNU ထိန်းချုပ်နယ်မြေထဲမှ ဖယ်ရှားပြီး ယခုဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် ဒုစရိုက်လုပ်ငန်းများကို သောင်းကျန်းသူအဖွဲ့များက အခကြေးငွေယူ အကာအကွယ်ပေးပြီး ဥပဒေမဲ့လုပ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အမြစ်ပြတ်ချေမှုန်းရန် ရည်မှန်းထားသည့်အတိုင်း သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အာရှလမ်းမကြီးပေါ်က ကျုံဒိုး-ကော့ကရိတ်လမ်းပိုင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း၊ ကော့ကရိတ်မြို့နှင့် ကော့ကရိတ်-သင်္ကန်းညီနောင်လမ်းပိုင်းကို စက်တင်ဘာလအတွင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသက်သွေးချွေးများ ပေးဆပ်ပြီး ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ KNU နှင့် အပေါင်းအပါသောင်းကျန်းသူများသည် ရရှိလာသည့် တရားမဝင်ငွေကြေးနှင့် လူအင်အား၊ ငွေအင်အား အလုံးအရင်းသုံးပြီး နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းကို တပ်မတော်က ခက်ခက်ခဲခဲ ပြန်လည်တိုက်စစ်ဆင်ပြီး တည်ငြိမ်မှုရှိအောင် လုပ်ခဲ့ရပါကြောင်း၊ အောက်တိုဘာလ ၁၉ ရက်တွင် လေးကေ့ကော် အပါအဝင် နယ်စပ်ဒေသတစ်လျှောက်ကိုပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မြဝတီဒေသကို နယ်မြေစိုးမိုးရေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံထဲကိုဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်း အပါအဝင် ဒုစရိုက်လုပ်ငန်းများလုပ်ဆောင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အဆက်မပြတ် ဖမ်းဆီးထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်အထိ နိုင်ငံပေါင်း ၅၄ နိုင်ငံက နိုင်ငံခြားသား ၇၀၁၃၅ ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြဝတီဒေသတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများနှင့် ဒုစရိုက်လုပ်ငန်းများ ပြန်လည်အခြေမချနိုင်စေရန်အတွက် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးရှင်းလင်းခြင်းများ ဆောင်ရွက်နေပါကြောင်း၊ KK Park နယ်မြေထဲတွင် ဒီဇင်ဘာလ ၁၃ ရက်အထိ အဆောက်အအုံ ၄၁၃ လုံးကို ဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ပြီး ကျန်ရှိသည့် ၂၂၂ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို မိမိတို့အနေဖြင့် အမြစ်ပြတ်အောင် တိုက်ဖျက်ရှင်းလင်းနေမှုအပေါ် KNLA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့ ပူးပေါင်းပြီး မြဝတီဒေသ၊ လေးကေ့ကော်နှင့် အနီးဝန်းကျင်တစ်ဝိုက်တွင် တိုက်ပွဲများဖော်ဆောင်ကာ အမျိုးမျိုးနှောင့်ယှက်နေပါကြောင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှ ဒီဇင်ဘာလ ၈ ရက်အတွင်း တိုက်ပွဲဖြစ်စဉ် (၅၆)ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ အသက်ခန္ဓာစွန့်လွှတ်ခဲ့ရသော်လည်း မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်သည်အထိ တရားမဝင် ဒုစရိုက်လုပ်ငန်းများကို ဆက်လက်ရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းဒေသမှ အခိုင်အမာ အဆောက်အအုံများကိုလည်း အွန်လိုင်းလောင်းကစားမှု ပြန်လည်မလုပ်ဆောင်နိုင်အောင် မြေလှန်ဖျက်ဆီးမှု၊ မိုင်းခွဲဖျက်ဆီးမှုများလုပ်ပြီး ရေသောက်မြစ်ပါမကျန်အောင် အမြစ်ဖြတ်ဖျက်ဆီးလျက်ရှိပါကြောင်း ပြောကြားသည်။

ဖမ်းဆီးထိန်းသိမ်းရမိသည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များကို ကြည့်ပါက ၎င်းတို့သည် တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းကိုလည်း မိမိတို့တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုလည်း ၎င်းတို့၏ ထွက်ဆိုချက်များကို ပြသထားပါကြောင်း၊ အလားတူ ထွက်ဆိုချက်များလည်း မိမိတို့ထံတွင် များစွာရရှိထားပါကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို တက်ရောက်လာသည့် သံတမန်ကြီးများအနေဖြင့်လည်း မိမိတို့၏ နိုင်ငံအလိုက် မြန်မာနိုင်ငံအတွင်းကို တရားမဝင်ရောက်ရှိလာသည့်သူများ၏ ထွက်ဆိုချက်များကို အသေးစိတ်သိရှိကြပြီးဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ ယင်းတို့ကို ကြည့်ခြင်းအားဖြင့် ယခုကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများတွင် မည်သူတို့ ပါဝင်ပတ်သက်ခဲ့ကြသည်ကို ရှင်းရှင်းလင်းလင်းသိရှိနိုင်ပြီဖြစ်ပါကြောင်း ပြောကြားသည်။

မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံခြားသားများကို ၎င်းတို့နိုင်ငံ၏အစိုးရများ လာမခေါ်မချင်း လူသားချင်းစာနာထောက်ထားမှုအပြည့်ဖြင့် ထိန်းသိမ်းထားရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ တာဝန်သည် အင်မတန်ကြီးလေးပါကြောင်း၊ ၎င်းတို့အတွက် တစ်နေ့တာ လိုအပ်သည့် အစားအစာအပြင် သောက်ရေ၊ သုံးရေမှအစ ဝတ်စရာနှင့် အိပ်ရာအဆုံး အားလုံးကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားရခြင်းဖြစ်ပါကြောင်း၊ စားစရိတ် တစ်နေ့ သုံးနပ်စာအတွက် တစ်ဦးကို တစ်သောင်းခွဲကျပ်နှုန်း အနည်းဆုံးကုန်ကျပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်အထိ ငွေကျပ်သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော်(၁၃၃၆၀၅၀၀၀၀ ကျပ်) သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဂုဏ်သိက္ခာအတွက် အခုကဲ့သို့ ဆောင်ရွက် ပေးနေခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိနေသေး သည့် သူများကို သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မိမိနိုင်ငံသားကို အမြန်ဆုံး လာရောက်ခေါ်ဆောင်ပေးကြရန်ကိုလည်း ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အွန်လိုင်းလိမ်လည်မှု(Online Scamming)၊ အွန်လိုင်းလောင်းကစားမှု(Online Gambling)များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရ၏ သဘောထား၊ ရပ်တည်ချက်နှင့် မူဝါဒများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သည့်ကိစ္စ(National Security Threat) အဖြစ် မြန်မာနိုင်ငံအစိုးရက ရှုမြင်ပါကြောင်း၊ အစိုးရအပေါ် လူထု၏ယုံကြည်မှု(Public Trust)ကို ထိခိုက်စေပါကြောင်း၊ စီးပွားရေးလုံခြုံမှု(Economic Security)ကို ထိခိုက်စေပါကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်မှု(National Stability)ကို ပျက်ပြားစေပါကြောင်း၊ တိုင်းပြည်၏ ဂုဏ်သတင်း(National Dignity)ကို ညှိုးနွမ်းစေပါကြောင်း၊ မိမိတို့နိုင်ငံက နိုင်ငံသားများမဟုတ်ဘဲ မိမိတို့နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလိမ်လည်မှုကို ဦးဆောင်လုပ်ကိုင်ခဲ့သည့် နိုင်ငံခြားသားများ၊ အချို့သော EAO များ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဝိသမစီးပွားရေးသမားများကြောင့် ရှမ်းပြည်နယ် (အရှေ့မြောက်)ဒေသ၊ ကရင်ပြည်နယ် အချို့ဒေသများတွင် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး များစွာ ထိခိုက်ခဲ့ရပါကြောင်း၊ နိုင်ငံတကာတွင် တိုင်းပြည်၏ ဂုဏ်သိက္ခာ(National Dignity)ကျဆင်းခဲ့ရပါကြောင်း၊ ထို့ကြောင့် ယနေ့လူကြီးမင်းတို့ကို လေးလေးနက်နက် ပြောကြားလိုသည်မှာ မိမိမြန်မာနိုင်ငံ၊ မြန်မာလူမျိုးများသည် အွန်လိုင်းလိမ်လည်မှု၊ ရာဇဝတ်မှုများ၏ ဆိုးကျိုးကို ပြင်းထန်စွာခံစားခဲ့ရသဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုကို လူကြီးမင်းတို့ မုန်းသည်ထက် မိမိတို့မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူလူထုက ပိုမုန်းပါကြောင်း၊ မြန်မာအစိုးရကလည်း အွန်လိုင်းလိမ်လည်မှုကို လူအများစုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်ရာဇဝတ်မှုများနှင့် ပြစ်မှုကျူးလွန်ခဲ့သူများကို မိမိတို့အစိုးရအနေဖြင့် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ No Second Chance၊ ဒုတိယအကြိမ် အခွင့်အရေးလုံးဝမရှိပါကြောင်း၊ No Political or Personal Protection၊ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း လုံးဝ အကာအကွယ်ပေးသွားမည် မဟုတ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်ရာဇဝတ်မှုများသည် တည်ငြိမ်အေးချမ်းမှုနည်းသည့်၊ ဥပဒေလက်လှမ်းမီမှုနည်းသည့် နယ်စပ်ဒေသများတွင် အဖြစ်များပြီး International Organized Crime နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုပုံစံ/နိုင်ငံပေါင်းစုံမှ မသမာသူများပါဝင်ဆောင်ရွက်သည့်ပုံစံဖြစ်သဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများအကြား တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် Task Force များ၊ Cooperation အဖွဲ့များ ဖွဲ့စည်းပြီး ထိရောက်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီးလည်း တက်ကြွထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်မှုသည် ဆက်သွယ်မှုကွန်ရက်များကိုအသုံးပြုပြီး လိမ်လည်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများလည်း လိမ်လည်မှု၏ သားကောင်များဖြစ်ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ မြန်မာနိုင်ငံအတွင်းတွင် ပြည်သူ ၈၀၀ ခန့် အွန်လိုင်းလိမ်လည်မှုခံခဲ့ရပြီး အမှုဖွင့်တိုင်ကြားခဲ့ပါကြောင်း၊ အမှုဖွင့်တိုင်ကြားမှုမရှိဘဲ ကျိတ်ပြီးဖြေရှင်းမှုများ ယခုထက် အဆများစွာပိုရှိမည် ဖြစ်ပါကြောင်း ပြောကြားသည်။

KK Park၊ ရွှေကုက္ကိုလ် စသည့် နေရာများမှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခဲ့သည့် အဆောက်အအုံများကို မိမိတို့အစိုးရက ဖောက်ခွဲမြေလှန်ဖျက်ဆီးမှုနှင့်ပတ်သက်ပြီး သက်သေအထောက်အထားများကို လက်စဖျောက်သည်ဆိုသည့် ပြည်ဖျက်မီဒီယာတချို့၏ ဝေဖန်မှုများကို အံ့သြဖွယ်ရာ တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းဒေသများတွင် ရောက်ရှိနေသည့်သူများကို ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ စစ်ဆေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ သက်သေခံပစ္စည်းများကိုလည်း စနစ်တကျသိမ်းဆည်းခဲ့ပါကြောင်း၊ စစ်ဆေးချက်များ၊ တွေ့ရှိချက်များ၊ ထွက်ဆိုချက်များကို အဖွဲ့နှင့် စနစ်တကျ သုံးသပ်ခြင်း၊ သတင်းဆက်ဖော်ထုတ်ခြင်းများ၊ ကွင်းဆက်လိုက်ခြင်းများ လုပ်ဆောင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးတွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူ ၃၄ ဦးနှင့် သက်သေခံပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ KK Park၊ ရွှေကုက္ကိုလ်စသည့်နေရာများမှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခဲ့သည့် အဆောက်အအုံများကို ဖြိုချဖျက်ဆီးနေခြင်းသည် ယင်းဒေသတွင် နောင်ယခုကဲ့သို့ကိစ္စများ ထပ်မံမလုပ်နိုင်အောင်၊ မခိုအောင်းနိုင်အောင် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ရရှိထားသည့် မှတ်တမ်းမှတ်ရာများ၊ စစ်ဆေးချက်များကို သင့်တော်သည့် အချိန်တွင် ထပ်မံသတင်းထုတ်ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် ပတ်သက်ပြီး မိမိတို့ပြည်သူလူထုကို ပြည်တွင်း Media များမှ တစ်ဆင့် အသိပေး၊ သတိပေးနေခြင်းများရှိပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုများ၏ သားကောင်များမဖြစ်စေရန် ဆောင်ရန်၊ ရှောင်ရန်များကို ပုံစံမျိုးစုံနှင့် အသိပေးနေပါကြောင်း၊ ၎င်းအချက်များထဲမှ အရေးကြီးသည့် အချက်အချို့ကို ပန်ကြားလိုပါကြောင်း၊ နံပါတ်(၁)အနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဖုန်းထဲသို့ရောက်လာသည့် မိမိမသိသည့် Link များကို မဖွင့်ရန်၊ မိမိမသိသည့် Message များကို မကြည့်ရန် လိုပါကြောင်း၊ နံပါတ်(၂)အနေဖြင့် အွန်လိုင်းလိမ်လည်မှုခံရလျှင် မိမိတစ်ဦးတည်း ကျိတ်မဖြေရှင်းဘဲ တာဝန်ရှိသူများကို သတင်းပို့တိုင်ကြားပေးစေလိုပါကြောင်း၊ ပြည်သူလူထု၏ သတင်းပေးခြင်း၊ တိုင်ကြားခြင်းသည် မိမိတို့အတွက် အလွန်တန်ဖိုးရှိပါကြောင်း၊ ထိုမှတစ်ဆင့် ကွင်းဆက်လိုက်ပြီး လိမ်လည်သူများကို မိမိတို့နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ နံပါတ်(၃)အနေဖြင့် အစိုးရတာဝန်ရှိသူများ(Government Authority)အပေါ် ယုံကြည်စွာပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Online Scam)၊ အွန်လိုင်းလောင်းကစားမှု(Online Gambling)များအပေါ် ဆက်လက်လုပ်ဆောင်သွားမည့် မူဝါဒနှင့် နည်းလမ်းများကို လူကြီးမင်းတို့ကို လေးစားစွာအသိပေးလိုပါကြောင်း၊ နံပါတ်(၁)အနေဖြင့် အွန်လိုင်းလိမ်လည်မှု(Online Scam)၊ အွန်လိုင်းလောင်းကစားမှု (Online Gambling)များသည် လူအများစုအပေါ် ကျူးလွန်သည့် ကြီးလေးသည့် ရာဇဝတ်မှုများဖြစ်သည်ဟု မိမိတို့ မြန်မာနိုင်ငံအစိုးရက သတ်မှတ်ပါကြောင်း၊ မိမိတို့အစိုးရ၏မူဝါဒသည် Zero Tolerance Policy ဖြစ်ပါကြောင်း၊ နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ ခွင့်လွှတ်မှုမရှိ၊ ရေဆုံးရေဖျားလိုက်လံနှိမ်နင်းချေမှုန်းမည်ဖြစ်ပါကြောင်း၊ နံပါတ်(၂)အနေဖြင့် မိမိတို့အစိုးရကျင့်သုံးမည့် နည်းလမ်း(Method)သည် Aggressive Crackdowns Method ပြင်းပြင်းထန်ထန် နှိမ်နင်းမည့်မူဝါဒဖြစ်ပါကြောင်း၊ ယင်းတို့ကိုဆောင်ရွက်ရန် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး ကြီးကြပ်မှု ဗဟိုကော်မတီကို ၁၀-၁၂-၂၀၂၅ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာပြည်သူလူထုကြီးအတွက် မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ -

**“မြန်မာပြည်သူလူထုကြီးခင်ဗျာ။ Your Safety is Our Responsibility ပါ။ ပြည်သူလူထုလုံခြုံမှုရှိရေးသည် ကျွန်တော်တို့ရဲ့ အဓိကတာဝန်ပါ။ Your Trust is Our Priority။ ခင်ဗျားတို့ရဲ့ ယုံကြည်မှုသည်သာ ကျွန်တော်တို့ရဲ့ တာဝန်ဝတ္တရားပါ။”** ထိုအတိုင်း မိမိတို့ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၁၁ သို့ »»»**

»» စာမျက်နှာ ၁၀ မှ

ဆက်လက်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်**က တက်ရောက်လာကြသူများရော၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူပြည်သားအားလုံးကိုရော သိရှိစေဖို့ အနည်းငယ်ထပ်ပြောလိုကြောင်း၊ မိမိတို့မြန်မာ နိုင်ငံအတွင်းရှိ Online Scam လုပ်ငန်းလုပ်ကိုင်နေသည့် နယ်မြေအများစု၌ လက်နက်ကိုင်အဖွဲ့ပေါင်းစုံ လှုပ်ရှားနေသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် အခက်အခဲများနှင့် ကန့်သတ်ချက်များ ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေသူများသည် အများအားဖြင့် နိုင်ငံခြားသားများဖြစ်ပြီး လက်ရှိနိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ လုပ်ဆောင်နေကြခြင်းဖြစ်သည်ကို အားလုံးလည်း သိကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသော နိုင်ငံခြားသားများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ"**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ၊ အတွင်းရေးမှူးရုံးအဖွဲ့တို့ကို ဆက်လက်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများတွင် အမြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းအထိ ပျံ့နှံ့ရောက်ရှိမလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများအား နိုင်ငံတော်အကြီးအကဲ၏မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန်အတွက် အဓိက Focal ဆောင်ရွက်မည့်ကြီးကြပ်ရေးအဖွဲ့ လိုအပ်ကြောင်း စိစစ်တွေ့ရှိသဖြင့် **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ"** ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးဖြစ်သည့် မိမိက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာလ ၁၀ ရက်တွင် ဗဟိုကော်မတီဖွဲ့စည်းပြီး ဒီဇင်ဘာလ ၁၁ ရက်တွင် အစည်းအဝေး ချက်ချင်းခေါ်ယူ၍ ဒီဇင်ဘာလ ၁၂ ရက်တွင် **"ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကော်မတီ"**နှင့် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကော်မတီ"**တို့ကိုလည်း ဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် အမြန်ဆုံးဆက်လက်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌဖြစ်ပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်(၁)က အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။




ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ရှင်းလင်းပြောကြားစဉ်။

ဗဟိုကော်မတီအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊ လိုအပ်သည့်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operation Procedure –SOP)များ ရေးဆွဲခြင်း၊ ယင်းလုပ်ငန်းများသို့ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများအား ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအပါအဝင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာများအား ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်အထိ နိုင်ငံခြားသား ၇၁၁၉၆ ဦးကို စိစစ်တွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ကရင်ပြည်နယ်အတွင်း ရှာဖွေကူညီကယ်တင်နိုင်ခဲ့သည့် နိုင်ငံခြားသားများ၏ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်၍ ဗန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်/လေယာဉ်တို့ဖြင့်သွားရောက်ခြင်း၊ မဲဆောက်မြို့မှတစ်ဆင့် သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကူး၍ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့သွားရောက်ခြင်း၊ တရားဝင်ဗီဇာဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့သွားရောက်ခြင်းတို့ဖြစ်ပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မဲဆောက်ဘက်မှ တရားမဝင် ဝင်ရောက်လာသူ ၉၉ ဒသမ ၆ ရာခိုင်နှုန်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဝင်ရောက်သူ သုည ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူကုန်ကူးခံရကြောင်းကို နိုင်ငံတကာမှ အကူအညီတောင်းခံထားသည့်နိုင်ငံများရှိကြောင်း၊ သက်ဆိုင်ရာသံရုံးများအနေဖြင့် ၎င်းတို့နိုင်ငံသားများအား လူကုန်ကူးခံရသူများဖြစ်သည်ဟုဖော်ပြ၍ အကူအညီတောင်းခံကြသော်လည်း စိစစ်တွေ့ရှိချက်အရ အချို့သည် လူကုန်ကူးခံရသူများမဟုတ်ဘဲ ကိုယ်ကျိုးစီးပွားအတွက် လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်သည်ကို စိစစ်တွေ့ရှိခဲ့ပါကြောင်း၊ သာဓကအနေဖြင့် မြဝတီဒေသမှ ရှာဖွေကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း တရုတ်နိုင်ငံသားတစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦး၊ အိန္ဒိယနိုင်ငံသား ငါးဦးနှင့် အချို့သူများသည် ဒုတိယအကြိမ်ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီး တရားမဝင်လုပ်ငန်းများ ပြန်လည်လုပ်ဆောင်နေသည်ကို စိစစ်တွေ့ရှိခဲ့ပါကြောင်း ပြောကြားသည်။

တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်မှုကြောင့် ၃၀-၁-၂၀၂၅ ရက်မှ ၁၃-၁၂-၂၀၂၅ ရက်အထိ မြဝတီဒေသအတွင်း၌ နိုင်ငံခြားသား ၁၃၂၇၂ ဦး ရှာဖွေကယ်တင်နိုင်ခဲ့ပါကြောင်း၊ ၎င်းတို့အနက် ၁၁၆၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လွှဲပြောင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသူ ၁၆၅၅ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့၏နေထိုင်စားသောက်မှုများကို တာဝန်ယူဆောင်ရွက်ရကြောင်း၊ ထို့ပြင် ပြဿနာအနည်းငယ်လည်းရှိပါကြောင်း၊ ၎င်းတို့ကို မိုးလုံလေလုံအားကစားရုံကဲ့သို့သော ခန်းမကြီးများတွင် စု၍ထားရကြောင်း၊ နိုင်ငံပေါင်းစုံမှ လူမျိုးများဖြစ်သောကြောင့် စရိုက်ပေါင်းစုံဖြစ်ပါကြောင်း၊ ၎င်းတို့ကို ထိန်းသိမ်းရာတွင် အခက်အခဲများရှိပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာသောသံတမန်များအနေဖြင့် အမြန်ဆုံးမိမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ကူညီပေးကြပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနေရာများ၌ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအတွက် တည်ဆောက်ထားသည့် အဆောက်အအုံများအတွက် လိုအပ်သောအိမ်ဆောက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်မီး၊ စက်သုံးဆီ၊ အင်တာနက် စသည်တို့ကိုလည်း မိမိတို့နိုင်ငံအတွင်းမှ အသုံးပြုခြင်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူအသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တားဆီးနှိမ်နင်းရေးအတွက် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံ (Trilateral Cooperation) ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သုံးကြိမ်နှင့် ဝန်ကြီးအဆင့်အစည်းအဝေး နှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ Online Scam တိုက်ဖျက်ရေးဆိုင်ရာ လန်ချန်း-မဲခေါင် (၆) နိုင်ငံ ဝန်ကြီးအဆင့်အစည်းအဝေးကိုလည်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့ပြီး မိမိဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါကြောင်း၊ အလားတူ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်း (COMMIT)၏ (၆) ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကိုလည်း မိမိတို့၏ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ခဲ့ပြီး နည်းပညာများကို အလွဲသုံး၍ အတင်းအဓမ္မ ရာဇဝတ်မှုကျူးလွန်စေခြင်းကို ပူးပေါင်းတိုက်ဖျက်ရန် ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

အဆိုပါရာဇဝတ်မှုများသည် မြန်မာနိုင်ငံ၏ နယ်မြေအတွင်းတည်ရှိနေခြင်းထက် ကွင်းဆက်များစွာဖြင့် လည်ပတ်နေသော စီးပွားရေးလုပ်ငန်း (Multi-faceted Criminal Enterprise)အဖြစ် ရှုမြင်ရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် Scam Centre တည်နေရာဖြစ်သော်လည်း ယင်းရာဇဝတ်မှု၏ အရင်းအမြစ် (Root Cause)နှင့် အဓိကအကျိုးအမြတ် (Core Profit) ရရှိသူ မဟုတ်ပါကြောင်း၊ လိမ်လည်မှုမှရရှိသော ငွေကြေးအားလုံးသည်လည်း မြန်မာနိုင်ငံ၏ ဘဏ်စနစ်အတွင်းရောက်ရှိလာခြင်း မရှိပါကြောင်း၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNTOC) အရ နိုင်ငံတိုင်းသည် မိမိတို့နှင့်သက်ဆိုင်သောအစိတ်အပိုင်းအားလုံးကို တိုက်ဖျက်ရန် တာဝန်ရှိပါကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာ ရာဇဝတ်မှုတိုက်ဖျက်ရေးစံနှုန်းများ (International Standards)နှင့်အညီ နိုင်ငံတိုင်းသည် မိမိတို့၏တာဝန်ကျရာကဏ္ဍကို အပြည့်အဝထမ်းဆောင်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခဒေသများမှ လူကုန်ကူးခံရသူများကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အား လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများကို အသိအမှတ်ပြုပြီး ထောက်လှမ်းရေးသတင်းဖလှယ်မှု၊ နည်းပညာနှင့် လေ့ကျင့်ရေးပံ့ပိုးမှုတို့ဖြင့် လက်တွေ့ကျကျကူညီသင့်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပြဿနာကိုဖြေရှင်းရန် တစ်ဦးတည်း ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ နိုင်ငံတကာအနေဖြင့် UNODC နှင့် ယင်းကဲ့သို့သော မိတ်ဖက်များမှတစ်ဆင့် ပံ့ပိုးကူညီခြင်းဖြင့်သာ Online Scam ကွန်ရက်များကို ထိထိရောက်ရောက် ဖြိုခွင်းနိုင်မည်ဖြစ်ပါကြောင်း၊ ပြဿနာကို အပြစ်ဖို့နေမည့်အစား အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရန် မိမိအနေဖြင့် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး**က Online scam ဆိုင်ရာဆောင်ရွက်နေမှုကိစ္စရပ်များကို ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသွားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် Online scam နှင့်အလားတူ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် Transnational Crime၊ Online scam နှင့် ဆက်စပ်ပတ်သက်နေသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်နေမှုများကို ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အကျဉ်းချုပ်ပြီး ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ **"နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"** ဟု အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုပြည့်စုံသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်တွင် အတိအလင်းပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၂ သို့ »»

»»» **စာမျက်နှာ ၁၁ မှ**

လူကုန်ကူးမှုများကိုလည်း စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူ၍ ထိရောက်ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၁၃ ရက်အထိ လူကုန်ကူးမှု ၁၃၉ မှုစုံစမ်းဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ကျူးလွန်သူတရားခံ ၄၀၂ ဦးကို တရားစွဲတင်နိုင်ခဲ့ပြီး ၁၁၆ ဦးကို ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြောင်း၊ ထောင်ဒဏ်ချမှတ်မှုအနေဖြင့် ထောင်ဒဏ်တစ်သက် ၁၄ ဦး၊ ထောင်ဒဏ်(၂၀)နှစ်မှ (၂၅)နှစ်အတွင်း ၂၅ ဦး၊ ထောင်ဒဏ်(၁၀) နှစ်မှ (၁၅)နှစ်အတွင်း ၆၃ ဦးနှင့် ထောင်ဒဏ်(၈)နှစ်အောက် ၁၄ ဦးတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

လူကုန်ကူးမှုဖြစ်ပေါ်စေနိုင်သည့် ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများကို ထိန်းချုပ်နိုင်ရေးအတွက် တရားမဝင်ပို့ဆောင်သူများကို စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၁၃ ရက်အထိ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်မှု ၅၉ မှုရှိပြီး ကျူးလွန်သူတရားခံ ၁၂၈ ဦး(ကျား ၅၃ ဦး၊ မ ၇၅ ဦး) ကို စုံစမ်းဖော်ထုတ်၍ ထိရောက်ပြစ်ဒဏ်ရရှိရေး တရားစွဲဆိုဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပြည်တွင်း၌သာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၉ ခုနှစ် ဧပြီလ ၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အလားတူ မြန်မာ-တရုတ်၊ မြန်မာ-လာအို၊ မြန်မာ-ဗီယက်နမ်၊ မြန်မာ-အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးပြီး ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင်ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံပါဝင်သော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Coordinated Mekong Ministerial Initiative against Trafficking– COMMIT MoU)ကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါနားလည်မှုစာချွန်လွှာအရ ဝန်ကြီးများအဆင့် အစည်းအဝေး (IMM)ကို သုံးနှစ်လျှင် (၁)ကြိမ်၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SOM)ကို တစ်နှစ်လျှင် (၁)ကြိမ် ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၁ ခုနှစ်မှစ၍ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့(COMMIT Regional Task Force)နှင့် လူငယ်ဖိုရမ်(Youth Forum) တို့ကို ပူးတွဲ၍ အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပပြုလုပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် တောင်အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ပါဝင်သည့် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း(Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation–BIMSTEC)ကိုလည်း ၂၀၀၄ ခုနှစ်မှစ၍ လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း(ASEAN Convention Against Trafficking in Persons, Especially Women and Children)အား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင်




မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ရှင်းလင်းပြောကြားစဉ်။

မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါကွန်ဗင်းရှင်းအား ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံကွန်ဗင်းရှင်း၊ အာဆီယံကြေညာစာတမ်း၊ အာဆီယံလုပ်ငန်းစီမံချက်နှင့် အာဆီယံကဏ္ဍပေါင်းစုံပါဝင်သော လုပ်ငန်းစီမံချက်(ဘိုဟိုးလုပ်ငန်းစီမံချက်)တို့အား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးတိုက်ဖျက်ရေးဆိုင်ရာအချက်အလက်များကို မိမိအနေဖြင့် အကျဉ်းချုပ်ပြောသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိလူသားမျိုးနွယ်တစ်ရပ်လုံးကို ဆိုးရွားစွာခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်နေပြီး နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင်အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့် နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ တားဆီးနှိမ်နင်းရေး လုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စုတို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါး ဖမ်းဆီးအရေးယူမှုအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၃၀၄၂၀ မှု၊ တရားခံ(ကျား) ၃၆၈၈၅ ဦး၊ တရားခံ(မ) ၅၈၇၄ ဦး တရားခံစုစုပေါင်း ၄၂၇၅၉ ဦးအား ဘိန်း ၇ ဒသမ ၂ တန်ကျော်၊ ဘိန်းဖြူ ၉ ဒသမ ၄ တန်ကျော်၊ ဆေးခြောက် လေးတန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၈ သန်းကျော်၊ အိုက်စ် ၁၀၇ တန်ကျော်၊ ကက်တမင်း ၂၂ ဒသမ ၂ တန်ကျော်၊ Happy Water ၈၆၆ ကီလိုကျော်၊ အက်တက်စီဆေးပြား ၁၁၆၆၀၀၂ ပြားအပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ ကဖင်း ၈၉ ဒသမ ၆ တန်ကျော်အပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းစုစုပေါင်းတန်ဖိုးငွေကျပ် ၅၅၇၀ ဒသမ ၇ ဘီလီယံကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့ပြင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် လက်နက်/ခဲယမ်းပါဝင်သော အမှုပေါင်း ၁၇၄ မှုမှ တရားခံ(ကျား) ၃၇၉ ဦး၊ တရားခံ(မ) ၂၆ ဦး တရားခံစုစုပေါင်း ၄၀၅ ဦးအား လက်နက်မျိုးစုံ ၇၀၉ လက်၊ ဗုံးမျိုးစုံ ၃၀၃ လုံး၊ မိုင်းမျိုးစုံ ၆၁ လုံး၊ ကျည်မျိုးစုံ ၁၃၇၅၅၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၆၄၅ ခု၊ ယမ်းမျိုးစုံ ၁၅၉ ကီလိုကျော်၊ ဒီတိုနေတာမျိုးစုံ ၁၁၅၇၆၃၄ ခုနှင့် ဆက်စပ်ပစ္စည်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ပြောကြားသည်။

၂၀၂၁ ခုနှစ်တွင် ၁၀၆၈ ဒသမ ၆၆ ဘီလီယံကျော်၊ ၂၀၂၂ ခုနှစ်တွင် ၁၁၈၈ ဒသမ ၈၂၈ ဘီလီယံကျော်၊ ၂၀၂၃ ခုနှစ်တွင် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော်၊ ၂၀၂၄ ခုနှစ်တွင် ၁၁၆၃ ဒသမ ၆၄၈ ဘီလီယံကျော်၊ ၂၀၂၅ ခုနှစ်တွင် ၉၇၁ ဒသမ ၇၉ ဘီလီယံကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃၂၉ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးမှုများနှင့်ဆက်နွှယ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ နိုင်ငံတော်ဘဏ္ဍာသိမ်းဆည်းမှု ၄၁၉၇ မှုတွင် မြန်မာငွေကျပ် ၄၈၈ သန်းကျော်၊ ထိုင်းဘတ် ၃၆၁၂၂၀ ဘတ်၊ တရုတ်ယွမ် ၅၀၀ ယွမ်၊ အမေရိကန်ဒေါ်လာ ၂၀၀၀၊ ရွှေ ၂ ဒသမ ၅ ကျပ်သား၊ မော်တော်ယာဉ် ၄၇၇ စီး၊ ဆိုင်ကယ် ၂၄၃၈ စီး၊ ဖုန်း ၅၉၆ လုံး၊ သုံးဘီးယာဉ် ခုနစ်စီး၊ သုံးဘီးဆိုင်ကယ် ငါးစီး၊ စက်ဘီး ၁၉ စီး၊ ဘက်ထရီဆိုင်ကယ် တစ်စီး၊ ဘေးတွဲဆိုင်ကယ် တစ်စီး၊ စက်လှေ ၃၅ စီး၊ ထော်လာဂျီ တစ်စီး၊ Air Cooler နှစ်လုံး၊ ကျောပိုးအိတ်တစ်လုံးတို့ကို စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၀၄၄ သန်းကျော် သိမ်းဆည်းနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့လျက်ရှိသည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုသတင်းပို့ချက်(Suspicious Transaction Report–STR)များအား လက်ခံခြင်း၊ စိစစ် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် စိစစ်ချက်ရလဒ်များအား သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများထံသို့ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး အမျိုးသားအဆင့် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးဆိုင်ရာ လိမ်လည်မှုများနှင့် ပြစ်မှုများပေါ်ပေါက်လာပါက အဖွဲ့ဝင်များမှ မိမိဌာနနှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို ထိရောက်မြန်ဆန်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် **“ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force)”**ကို ၂၀၂၄ ခုနှစ် မတ်လ ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၄ ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးနောက် ငွေကြေးဆိုင်ရာ လိမ်လည်မှုဖြစ်စဉ်များအား ထိရောက်မြန်ဆန်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စံလုပ်ငန်းစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP)အား ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ငွေကြေးလိမ်လည်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ အဆိုပါစံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အွန်လိုင်းလိမ်လည်မှုများမှ ရရှိသောငွေကြေးများကို စနစ်တကျခဝါချရန်အတွက် တရားမဝင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများအပေါ် လေ့လာတွေ့ရှိချက်များအရ Scam Center များမှရရှိသော တရားမဝင်ငွေကြေးများသည် နယ်စပ်ဒေသရှိ တရားမဝင်ကုန်ပစ္စည်းများကို ဝယ်ယူရန်အတွက် အသုံးပြုကြောင်း၊ အဆိုပါတရားမဝင်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်ရောင်းချခြင်းဖြင့် တရားဝင်ပုံစံဆောင်သော ဝင်ငွေအဖြစ်သို့ ပြောင်းလဲပစ်ကြောင်း၊ Scam Center များလည်ပတ်ရန်အတွက် လိုအပ်သည့် စက်ပစ္စည်းများ၊ အစားအသောက်နှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို တရားမဝင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အခွန်ရှောင်၍ သယ်ယူပို့ဆောင်ကြောင်း၊ Scam Center များ လည်ပတ်ရန်အတွက် လိုအပ်သည့်ဝန်ထမ်း အင်အားကို တရားမဝင်နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် လူကုန်ကူးခြင်းဖြင့် ရရှိနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အနှစ်ချုပ်အနေဖြင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေးသည် Scam Center များအတွက် ငွေကြေးခဝါချရန်လမ်းကြောင်းများ ဖန်တီးပေးနေခြင်းဖြစ်ပါကြောင်း၊ လူကုန်ကူးခံရသူများကို သယ်ယူပို့ဆောင်ရန်လမ်းကြောင်းများကို ပံ့ပိုးပေးနေခြင်းဖြစ်ပါကြောင်း၊ ယင်းဆက်စပ်မှုများကို တားဆီးဖြတ်တောက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**



ငွေတံဆိပ်ဆုရရှိခဲ့သည့် လမ်းလျှောက်ကစားသမား နိုင်လင်းထွန်း ယှဉ်ပြိုင်စဉ်။



ငွေတံဆိပ်ဆုရရှိခဲ့သည့် လမ်းလျှောက်မယ် ဇင်မေထက် ယှဉ်ပြိုင်စဉ်။

## ပြေးခုန်ပစ်နှင့် ဂျူဒိုအားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့ ဆုတံဆိပ်များ ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပသည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ပြေးခုန်ပစ်နှင့် ဂျူဒိုအားကစားနည်းများတွင် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် လမ်းလျှောက်ပြိုင်ပွဲတွင် ငွေတံဆိပ် နှစ်ခုရရှိပြီး အမျိုးသားပြိုင်ပွဲတွင် နိုင်လင်းထွန်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဇင်မေထက်တို့က ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေတံဆိပ်၊ နိုင်လင်းထွန်း (မြန်မာ) က ငွေတံဆိပ်၊ ဗီယက်နမ်က ကြေးတံဆိပ်၊ အမျိုးသမီးပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေတံဆိပ်၊ ဇင်မေထက် (မြန်မာ) က ငွေတံဆိပ်၊ ထိုင်းက ကြေးတံဆိပ်ရရှိသည်။ လမ်းလျှောက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဂျူဒိုပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြန်မာဂျူဒိုအဖွဲ့က ကြေးတံဆိပ်တစ်ခု ထပ်မံရရှိသည်။ Mixed အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်၌ ဖိလစ်ပိုင်အသင်းကို အရေးနိမ့်ကာ ပူးတွဲကြေးတံဆိပ်ဖြင့် ကျေနပ်ခဲ့ရပြီး ဖိလစ်ပိုင်အသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ် ရရှိသည်။ ဂျူဒိုပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ မြန်မာဂျူဒိုအဖွဲ့က ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိသည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MAF**

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ငါးဆု ရရှိခဲ့သည့် ဘိလိယက်၊ တိုက်ကွမ်ဒိုနှင့် အလေးမအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဘိလိယက် အားကစားနည်းမှ အမျိုးသား စနူကာအနီ ခြောက်လုံး တစ်ဦးချင်းပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရ နေမင်းထွန်း၊ အမျိုးသား စနူကာအနီ ၁၅ လုံး အသင်းလိုက်ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရ ကျော်ဝေယံစိုး၊ တိုက်ကွမ်ဒို အားကစားနည်းမှ အမျိုးသမီး –57kg ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရရှိသော မိုးမြင့်မြတ်၊ အမျိုးသမီး –62kg ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရရှိသော နန်းသုန္ဒရီကောင်း၊



အလေးမ အားကစားနည်းမှ အမျိုးသမီး (၅၃) ကီလိုတန်းတွင် တတိယ ကြေးတံဆိပ်ဆုရရှိသော နော်တဘိုးရာနှင့် အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

★ **ကျောဖုံးမှ**

ဖိလစ်ပိုင်အသင်းက အနိုင်ယူကာ ဆီးဂိမ်း ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့သည်။ ၅၃ မိနစ်တွင် ဂျီရာပွန်က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၈၇ မိနစ်တွင် မာရီက ပင်နယ်တီမှ တစ်ဆင့် ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပင်နယ်တီဆုံးဖြတ်ရာတွင် ဖိလစ်ပိုင်အသင်းက လေးဂိုးဝင်ပြီး ထိုင်းအသင်းက လေးလုံးကန်ရာတွင် နှစ်ဂိုးသာဝင်သဖြင့် ဖိလစ်ပိုင်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၁၇ ရက်တွင် တတိယလုပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် အိမ်ရှင်ထိုင်းအသင်း၊ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ထွဏ်းသွေးအိမ်၊ ဓာတ်ပုံ–FAT**

❖ **ဆီးဂိမ်းဘိလိယက်မှ**

၁၀၀–၃၅ မှတ်၊ စတုတ္ထပွဲငယ်တွင် ၁၀၂–၄၅ မှတ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်သည်။ ရွှေတံဆိပ်ရခဲ့သည့် မြန်မာဘိလိယက်အသင်းတွင် ပေါက်စ၊ နေသွေးဦးနှင့် အောင်ဌေးတို့ ပါဝင်သည်။

ယခုဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ထည့်သွင်းကျင်းပရာ မြန်မာဘိလိယက်အဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သည်။ ရွှေတံဆိပ်ဆုကို အသင်းလိုက်ပြိုင်ပွဲ၊ ငွေတံဆိပ်ဆုကို တစ်ဦးချင်းပြိုင်ပွဲမှ ပေါက်စတို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MBSF**

### (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ
(၁၄–၁၂–၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၁၃၂ | ၇၈ | ၄၇ | ၂၅၇ |
| ၂။ | အင်ဒိုနီးရှား | ၄၃ | ၅၆ | ၅၃ | ၁၅၂ |
| ၃။ | ဗီယက်နမ် | ၃၄ | ၃၄ | ၆၆ | ၁၃၄ |
| ၄။ | စင်ကာပူ | ၂၆ | ၂၈ | ၃၃ | ၈၇ |
| ၅။ | မလေးရှား | ၂၀ | ၂၃ | ၆၉ | ၁၁၂ |
| ၆။ | ဖိလစ်ပိုင် | ၁၇ | ၃၂ | ၆၈ | ၁၁၇ |
| ၇။ | မြန်မာ | ၃ | ၁၄ | ၂၀ | ၃၇ |
| ၈။ | လာအို | ၂ | ၄ | ၁၃ | ၁၉ |
| ၉။ | ဘရူနိုင်း | ၀ | ၃ | ၄ | ၇ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

မှတ်ချက်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။

☆ **ဆီးဂိမ်းပိုက်ကျော်ခြင်းမှ**

မြန်မာပိုက်ကျော်ခြင်းအသင်းများသည် ဆီမီးဖိုင်နယ်တွင် အိမ်ရှင်ထိုင်းအသင်းများကို အရေးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ပိုက်ကျော်ခြင်းအားကစားနည်းတွင် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲအပြီး အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပနေပြီး မြန်မာအသင်းသည် အဖွင့်ပွဲတွင် လာအိုအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသည်။

**သတင်း–မောင်စံကြီး**
**ဓာတ်ပုံ–MSTAF**



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

## ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးပြီး မြန်မာအသင်း အုပ်စုအဆင့်မှထွက်ရ

ရန်ကုန် ဒီဇင်ဘာ ၁၄

(၃၃) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အုပ်စုနောက်ဆုံးနေ့တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို လေးဂိုး–နှစ်ဂိုး၊ အိမ်ရှင်ထိုင်းအသင်းက မလေးရှားအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သော်လည်း ဗီယက်နမ်အသင်းကို အကောင်းဆုံး ရင်ဆိုင်ခဲ့ပြီး ဦးဆောင်ဂိုးသွင်းယူနိုင်သည်အထိ ဖိအားပေးနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို အိအိကျော်နှင့် ဝေဖူးအိမ်တို့က သွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (A) ၌ ထိုင်းအသင်းက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက ရမှတ် သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး မလေးရှားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု (B) ၌ ဗီယက်နမ်အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက ရမှတ် သုံးမှတ်ဖြင့် အုပ်စုဒုတိယ၊ မြန်မာအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်**
**ဓာတ်ပုံ–MFF**

# အမြင့်ပျံဖို့ တောင်ပံတစ်စုံ

**မောင်ကောင်း**

**“နိုင်ငံကို ဖိုးသုညတွေ၊ မယ်သုညတွေနဲ့ တည်ဆောက်လို့ မရဘူး”** ဆိုတဲ့စကားကို ခေတ်အဆက်ဆက် နိုင်ငံ့အကြီးအကဲတွေ ပြောခဲ့ကြတာ နှစ်ပေါင်း ၇၀ ကျော်လောက်ကြာခဲ့ပါပြီ။ ဒီစကားဟာ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ဖို့အတွက် အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ မရှိမဖြစ် လိုအပ်တယ်လို့ ဆိုလိုတာဖြစ်တယ်ဆိုတာ လူတိုင်းသိကြပြီးသားပါ။

တစ်နည်းအားဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်တဲ့ တန်ဖိုးမြင့် လူ့စွမ်းအားအရင်းအမြစ်ကို မဖြစ်မနေ ပြုစုပျိုးထောင်ကြဖို့ တိုက်တွန်းနှိုးဆော်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ လွတ်လပ်ရေးရပြီးခဲ့တာ နှစ်ပေါင်း ၈၀ နီးနီးလောက်ရောက်ရှိပြီးတဲ့အခါ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေ ဘယ်လိုအဆင့်အတန်းကို ရောက်ရှိခဲ့ပြီလဲလို့ကြည့်လိုက်မယ်ဆိုရင် အားရစရာမကောင်းဘူးလို့ ဆိုရမှာဖြစ်သလို မျှော်လင့်ချက်ကင်းမဲ့လောက်တဲ့ အခြေအနေမျိုးမဟုတ်ဘူးလို့လည်း ဆိုရမှာဖြစ်ပါတယ်။

**ပညာရေးအပေါ် ဘယ်လိုသဘောထားကြသလဲ**

လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်က မြန်မာနိုင်ငံအလယ်ပိုင်း ရွာလေးတစ်ရွာကို ကျွန်တော်ရောက်သွားခဲ့တယ်။ ရွာရဲ့အခြေခံစီးပွားရေးဟာ စိုက်ပျိုးရေးဆိုပေမယ့် စိုက်ပျိုးရေးကရတဲ့ဝင်ငွေကို ခေတ်လူငယ်တွေက စိတ်မဝင်စားကြတော့ဘူးလို့ ရွာခံတချို့နဲ့ စကားစမြည်ပြောရင်း သိခဲ့ရပါတယ်။ ရာသီသီးနှံတစ်ခုခုက ရမယ့်ဝင်ငွေဟာ ကျိန်းသေအကျိုးအမြတ်ရမယ်လို့ အာမမခံနိုင်ဘူး။ မသေချာဘူး။ ရွာမှာ အိမ်ကောင်းကောင်းနဲ့ ပြည့်ပြည့်စုံစုံနေနိုင်တဲ့သူတွေကိုကြည့်ရင် အများစုက နိုင်ငံခြားမှာ သွားအလုပ်လုပ်နေကြသူတွေရှိတဲ့ မိသားစုအိမ်တွေပဲတဲ့။ ဒီလိုနဲ့ စမတ်ဖုန်းကောင်းကောင်းတွေကိုင်နိုင်ဖို့၊ ဆိုင်ကယ်ကောင်းကောင်းစီးနိုင်ဖို့၊ ဝိုင်းကျယ်ကျယ်၊ အိမ်ကောင်းကောင်း၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက်ပြည့်ပြည့်စုံစုံနဲ့ နေနိုင်ဖို့ အစရှိတဲ့ လူငယ်တွေရဲ့အိပ်မက်တွေအတွက် အဓိကလိုအပ်ချက်က ပညာတတ်ကြီးဖြစ်အောင် အချိန်ကုန်၊ ငွေကုန်ခံပြီးသင်ဖို့မဟုတ်ဘဲ နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ ဖြစ်လာတယ်တဲ့။

ရွာထဲက လမ်းဆုံလမ်းခွတွေမှာ ကိုရီးယားစကားပြောသင်တန်း၊ ဂျပန်စကားပြောသင်တန်း စတဲ့ ကြော်ငြာစာရွက်တွေ ကပ်ထားတာကို တွေ့ရတတ်သလို တရားဝင်သလား၊ မဝင်သလား မသိရတဲ့ နိုင်ငံခြားအလုပ်အကိုင်ပွဲစားဆိုသူတွေ၊ လူခေါ်သူတွေကလည်း ရွာကို ရောက်ရောက်လာတတ်တယ်။ အလုပ်လုပ်နိုင်တဲ့အရွယ်ရောက်လာတဲ့လူငယ်၊အထူးသဖြင့်ယောကျ်ားလေးတွေအတွက် ဇာတိရပ်ရွာကို စွန့်ခွာဖို့၊ ပညာသင်လက်စကျောင်းကနေထွက်ဖို့ တွန်းအားတွေဖြစ်လာတယ်။ မိဘတွေ စုဆောင်းထားသမျှ ငွေကြေးတွေ၊ မစုဆောင်းနိုင်ခဲ့ရင်လည်း လက်ရှိပိုင်ဆိုင်ထားတဲ့ အိမ် ဝိုင်းခြံ မြေ၊ ကျွဲ၊ နွားတွေကို ပေါင်နှံရောင်းချ အရင်းအနှီးလုပ်ပြီး နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ကိုပဲ စိတ်အားထက်သန်လာကြတယ်တဲ့။

အဲဒီလို သွားအလုပ်လုပ်နိုင်ဖို့ ဘယ်ဘာသာစကားမှ အပိုတတ်ကျွမ်းဖို့ မလိုအပ်သလို ဘာကျွမ်းကျင်မှုမှလည်း မလိုဘူး၊ ပင်ပန်းတာချင်းတူရင် နိုင်ငံခြားမှာက မြန်မာနိုင်ငံမှာထက် လုပ်ခလစာပိုရတယ်ဆိုပြီး ဆွယ်တဲ့သူတွေကလည်း ဆွယ်နေကြတယ်တဲ့။ မြန်မြန်သွားနိုင်ရင်၊ မြန်မြန်အကျိုးရှိတယ်လို့ ထင်မှတ်နေကြတယ်။ ဒါနဲ့ပဲ များပြားလှတဲ့ အရွယ်ကောင်းလူငယ်တွေ တရားဝင်နည်းနဲ့ရော၊ တရားမဝင်နည်းနဲ့ပါ ပြည်ပနိုင်ငံတွေဆီကို ထွက်သွားကြတယ်။ ကိုယ့်နိုင်ငံကပညာတတ်တွေ တခြားနိုင်ငံတွေဆီ ထွက်သွားတာကို ဦးနှောက်ယိုစီးမှု(Brain Drain)လို့ဆိုရင် အလုပ်လုပ်နိုင်တဲ့လူငယ်တွေ ထွက်သွားခြင်းကလည်း ကြွက်သားယိုစီးမှု ဒါမှမဟုတ် လုပ်အားယိုစီးမှု (Muscle Drain)လို့ ဆိုရမှာဖြစ်ပါတယ်။ အခုဆိုရင် ပြည်ပရောက်မှ “သားမှားပြီ အမေရဲ့၊ သမီးမှားပြီ အမေရဲ့” ဆိုပြီး အွန်လိုင်းပေါ်တက်လာတဲ့ နောင်တသံတွေ မကြာခဏ တွေ့မြင်ရပေမယ့် လောလောဆယ် ဆင်းရဲမွဲတေတဲ့ဘဝကနေ ရုန်းထွက်နိုင်ဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဇွတ်တိုးဝင်ဖို့ ကြိုးစားနေတဲ့သူတွေ ရှိနေသေးတာမို့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုတွေ လိုနေသေးတယ်လို့လည်း ရွာခံတချို့က ပြောပြတယ်။

> **နိုင်ငံအချို့ရဲ့ ပျမ်းမျှကျောင်းတက်နှစ်တွေကို ကြည့်မယ်ဆိုရင် ဂျာမနီ ၁၄ ဒသမ ၁၊ ကနေဒါ ၁၃ ဒသမ ၈၊ အိုက်စ်လန် ၁၃ ဒသမ ၈၊ အမေရိကန် ၁၃ ဒသမ ၇၊ ဂျပန် ၁၃ ဒသမ ၄၊ ယူကေ ၁၃ ဒသမ ၄၊ နိုင်ဂျာ ၂ ဒသမ ၁ စသည်ဖြင့် တွေ့နိုင်ပါတယ်။ ပျမ်းမျှ ကျောင်းတက်နှစ် အမြင့်ဆုံးနိုင်ငံတွေကိုကြည့်ရင် ပျမ်းမျှ ၁၄ နှစ်ဝန်းကျင်မှာတွေ့နိုင်ပြီး အနိမ့်ဆုံးနိုင်ငံတွေထဲမှာ မာလီ၊ ဂီနီ၊ ဘာကီနာဖာဆို၊ နိုင်ဂျာ စတဲ့ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံတွေ ပါဝင်ပါတယ်။ အနိမ့်ဆုံး ပျမ်းမျှ နှစ်နှစ်၊ သုံးနှစ် ဝန်းကျင်ခန့်သာရှိပါတယ်။ တောင်အာရှနိုင်ငံအများစုက ခုနစ်နှစ်အောက်ဖြစ်ပြီး ဝင်ငွေမြင့်မားတဲ့နိုင်ငံအများစုက ၁၀ နှစ်အထက်မှာရှိပါတယ်**

**နာဝါလှေငယ်နဲ့ အဏ္ဏဝါရေပြင်ကျယ်**

မြန်မာ့လူ့အဖွဲ့အစည်းဟာ အစဉ်အလာအားဖြင့် ပညာသင်ယူမှုကိုအားပေးတဲ့ လူ့အဖွဲ့အစည်းဖြစ်ပါတယ်။ ရှေးကတည်းက ရဟန်းပညာရှိ၊ လူပညာရှိတွေရဲ့ ဆုံးမစာတွေ၊ နီတိကျမ်းတွေမှာ ပညာသင်ယူကြဖို့ တိုက်တွန်းထားတာတွေကို အများအပြားတွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း ခေတ်ကာလအလိုက် ဖြစ်ပေါ်နေတဲ့ လူမှုစီးပွားဘဝပတ်ဝန်းကျင်အခြေအနေတွေထဲမှာ အဆုံးအမတွေ၊ နီတိတွေလည်း မေ့လျော့ပစ်ပယ်ခံကြရပါတယ်။ “သေစာရှင်စာလောက်တတ်ရင် တော်ရောပေါ့” ဆိုတဲ့ စကားမျိုးကို ရှေးယခင်က ကျေးလက်ဒေသတွေမှာ အထူးသဖြင့် မိန်းကလေးတွေကို မိဘဆွေမျိုးတွေက ပြောလေ့ရှိကြတယ်လို့ ကြားဖူးပါတယ်။

သေစာရှင်စာဆိုတာ လိုအပ်လာရင် ရေးတတ်၊ ဖတ်တတ်ရုံလောက်ကိုပဲ ပြောတာဖြစ်ပါတယ်။ သူတို့ဘဝတစ်လျှောက် လုပ်ကိုင်ဆောင်ရွက်ကြရမယ့် အိမ်မှုကိစ္စတွေ၊ မိရိုးဖလာစီးပွားရေးဖြစ်တဲ့ လယ်ယာကိုင်းကျွန်းနဲ့ ကုန်ရောင်းကုန်ဝယ် အလုပ်အကိုင်တွေအတွက် ပညာကိုမြင့်မြင့်မားမား တတ်မြောက်နေစရာမလိုဘူးလို့ ခံယူထားကြလို့ပဲဖြစ်ပါတယ်။ တကယ်တော့ ပညာနည်းနည်း မဆိုစလောက်လေးနဲ့ ဘဝကို ရှင်သန်နေထိုင်သွားဖို့ဆိုတာ လှေငယ်လေးတစ်စင်းနဲ့ ပင်လယ်ပြင်ကျယ်ကြီးကိုဖြတ်သန်းကြသလို အန္တရာယ်ကြီးလွန်းလှတယ်ဆိုတာကို နားမလည်နိုင်ကြတာလည်းဖြစ်ပါတယ်။

**ဒါ့အပြင် နိုင်ငံသားတွေ ပညာတတ်မြောက်မှုနည်းပါးနိမ့်ကျတာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့လည်း တိုက်ရိုက်အချိုးကျနေတာကြောင့် ပညာမတတ်လို့ မဖွံ့ဖြိုး၊ မဖွံ့ဖြိုးလို့ ပညာမတတ်တဲ့ သံသရာထဲကျမသွားအောင် အားစိုက်ရုန်းထွက်ကြဖို့လည်း လိုပြန်ပါတယ်။ ဒါကြောင့် ကျောင်းမထွက်နဲ့ ကျောင်းတက်ကြဖို့ အားလုံးက တိုက်တွန်းနှိုးဆော်နေကြရမှာဖြစ်သလို ကျောင်းတက်နိုင်အောင် အခြေအနေကောင်းတွေ၊ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးတည်ဆောက်ပေးကြရမှာ ဖြစ်ပါတယ်။**

**ကမ္ဘာပေါ်က ပျမ်းမျှကျောင်းတက်နှစ်**

ပျမ်းမျှကျောင်းတက်နှစ် (The average years of schooling) ဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့ လူဦးရေက သင်ယူပြီးမြောက်တဲ့ တရားဝင်ပညာရေးနှစ်ပျမ်းမျှအရေအတွက်ကို ကိုယ်စားပြုတဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ အဲဒီကိန်းဂဏန်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးအလားအလာ (national development and economic potential) ကို အကဲဖြတ်ရာမှာ အသုံးပြုပြီး လူ့စွမ်းအားအရင်းအမြစ်ရဲ့ အဓိကညွှန်ပြချက် (key indicator) လည်းဖြစ်ပါတယ်။

**နိုင်ငံအချို့ရဲ့ ပျမ်းမျှကျောင်းတက်နှစ်တွေကို ကြည့်မယ်ဆိုရင် ဂျာမနီ ၁၄ ဒသမ ၁၊ ကနေဒါ ၁၃ ဒသမ ၈၊ အိုက်စ်လန် ၁၃ ဒသမ ၈၊ အမေရိကန် ၁၃ ဒသမ ၇၊ ဂျပန် ၁၃ ဒသမ ၄၊ ယူကေ ၁၃ ဒသမ ၄၊ နိုင်ဂျာ ၂ ဒသမ ၁ စသည်ဖြင့် တွေ့နိုင်ပါတယ်။ ပျမ်းမျှ ကျောင်းတက်နှစ် အမြင့်ဆုံးနိုင်ငံတွေကိုကြည့်ရင် ပျမ်းမျှ ၁၄ နှစ်ဝန်းကျင်မှာတွေ့နိုင်ပြီး အနိမ့်ဆုံးနိုင်ငံတွေထဲမှာ မာလီ၊ ဂီနီ၊ ဘာကီနာဖာဆို၊ နိုင်ဂျာ စတဲ့ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံတွေ ပါဝင်ပါတယ်။ အနိမ့်ဆုံး ပျမ်းမျှ နှစ်နှစ်၊ သုံးနှစ် ဝန်းကျင်ခန့်သာရှိပါတယ်။ တောင်အာရှနိုင်ငံအများစုက ခုနစ်နှစ်အောက်ဖြစ်ပြီး ဝင်ငွေမြင့်မားတဲ့ နိုင်ငံအများစုက ၁၀ နှစ်အထက်မှာ ရှိပါတယ်။**

နိုင်ငံတွေရဲ့ ပျမ်းမျှကျောင်းတက်နှစ်တွေဟာ အဲဒီနိုင်ငံက နိုင်ငံသားတွေရဲ့ ပျမ်းမျှပညာအရည်အချင်းဖြစ်ပါတယ်။ ဂျာမနီ၊ ကနေဒါ၊ အိုက်စ်လန်၊ အမေရိကန်၊ ဂျပန်၊ ယူကေနိုင်ငံသားတွေရဲ့ ပျမ်းမျှအရည်အချင်းဟာ တက္ကသိုလ်အဆင့်မှာရှိနေတာကို တွေ့နိုင်ပြီး မြန်မာနိုင်ငံသားတွေဟာ အလယ်တန်းအောက်အဆင့်၊ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံတွေက နိုင်ငံသားတွေရဲ့ ပျမ်းမျှပညာအရည်အချင်းက မူလတန်းအောက်အဆင့် စသည်ဖြင့် တွေ့နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လူနေမှုအဆင့်အတန်းတွေနဲ့ နှိုင်းယှဉ်အကဲခတ်လေ့လာကြည့်နိုင်ပါတယ်။

**မျက်မှောက်ကာလ မြန်မာ့ပညာရေးအခြေအနေ**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ အခန်း (၅) လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းများကဏ္ဍမှာ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေးအခြေအနေကို ပညာရေး၊ လုပ်သားအင်အားနဲ့ မသန်စွမ်းမှုဆိုတဲ့ ခေါင်းစဉ်များနဲ့ အပိုင်း သုံးပိုင်းခွဲခြားဖော်ပြထားပါတယ်။ အဲဒီထဲက မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေနဲ့ပတ်သက်လို့ ဖော်ပြထားတဲ့ထဲက အနည်းငယ်မျှ ကောက်နုတ်ပြီး ပြန်လည်တင်ပြလိုပါတယ်။ အပြည့်အစုံကိုတော့ သန်းခေါင်စာရင်း အစီရင်ခံစာမှာ ကြည့်ရှုလေ့လာကြဖို့ စာဖတ်သူတို့ကို တိုက်တွန်းလိုပါတယ်။

စာတတ်မြောက်မှုနဲ့ တွက်ချက်နိုင်မှုအခြေအနေက ပြည်ထောင်စုအဆင့်မှာ အသက် ၁၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူ ၁၀ ဦးလျှင် ကိုးဦး စာရေးနိုင်၊ ဖတ်နိုင်ပြီး စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ အခြေခံသင်္ချာတွက်ချက်နိုင်မှုအနေနဲ့ ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိပါတယ်။ မြို့မှာနေသူ ၁၀၀ မှာ ၉၅ ယောက်နှုန်း၊ ကျေးလက်မှာနေသူ ၁၀၀ မှာ ၉၀ ရာခိုင်နှုန်း စာတတ်ကြတဲ့အတွက် မြို့မှာနေသူစာတတ်မြောက်နှုန်းကပိုပါတယ်။

ကျောင်းတက်ရောက်မှု အခြေအနေကို ကြည့်ရင် မြန်မာနိုင်ငံရှိ အသက် ၃ နှစ်မှ ၂၅ နှစ်ကြား လူဦးရေ ၁၀ ဒသမ ၅ သန်းအနက် ၅၆ ဒသမ ၁ ရာခိုင်နှုန်းက လက်ရှိကျောင်းတက်နေကြပါတယ်။ ၃၄ ဒသမ ၁ ရာခိုင်နှုန်းက အရင်တုန်းက ကျောင်းတက်ခဲ့ဖူးတဲ့သူတွေဖြစ်ပြီး ကျောင်းလုံးဝမတက်ဖူးသူ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။

**အသက်အရွယ်အလိုက် ကျောင်းတက်နှုန်းလျော့ကျ**

မြန်မာနိုင်ငံမှာ အတန်းကျောင်းစနေကြရတဲ့ အရွယ်က အသက် ၅ နှစ်အရွယ်ဖြစ်ပြီး အသက် ၅-၉ နှစ်အရွယ် ၁၀ ဦးမှာ ကိုးဦး ကျောင်းတက်ကြပါတယ်။ ၁၀-၁၄ နှစ်အရွယ်မှာ ၈၄ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ကျဆင်းစပြုလာပါတယ်။ ၁၅-၁၉ နှစ်အရွယ်မှာ ၄၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ထက်ဝက်လောက်ကျဆင်းသွားပြီး အသက် ၂၀ - ၂၄ နှစ်မှာ ၁၅ ရာခိုင်နှုန်းအထိ သိသိသာသာ လျော့ကျသွားပါတယ်။ အသက် ၂၅ နှစ်နောက်ပိုင်းမှာ ကျောင်းတက်နှုန်းမရှိသလောက်နည်းသွားပြီး သက်လတ်ပိုင်းအဆင့်မြင့်ပညာဆက်သင်သူ၊ ကျောင်းပြန်တက်သူအနည်းငယ်သာ ရှိပါတော့တယ်။

လက်ရှိလူငယ်တွေကြားမှာ ကျောင်းလုံးဝမတက်ဖူးသူ အနည်းငယ်သာရှိနေပါတယ်။ အသက် ၁၀-၁၄ နှစ်အရွယ် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၅-၁၉ နှစ်အရွယ် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀-၂၄ နှစ်အရွယ် ၃ ဒသမ ၈ ရာခိုင်နှုန်း ကျောင်းလုံးဝမတက်ဖူးကြတာကို တွေ့ရပါတယ်။ အသက် ၃၀၊ ၄၀၊ ၅၀ စတဲ့ အရွယ်တွေမှာ ကျောင်းလုံးဝမတက်ဖူးသူ ရာခိုင်နှုန်းဟာ အသက်ကြီးလေ ပိုမြင့်လေတွေ့ရတာမို့ မြန်မာနိုင်ငံမှာ အခြေခံပညာရေးမြှင့်တင်မှုကို ကာလရှည်ကြိုးပမ်းနေတဲ့ သက်သေသာဓကအဖြစ် တွေ့ရှိနိုင်ပါတယ်။

**ဘာကြောင့်ကျောင်းဆက်မတက်ကြတာလဲ**

ကျောင်းသူ ကျောင်းသားအများစု ကျောင်းထွက်ရခြင်းဟာ ပညာရေးစနစ်ကြောင့်မဟုတ်ဘဲ မိသားစုအတွင်း ဖိအားများကြောင့်ဖြစ်ကြောင်း သန်းခေါင်စာရင်းပါအချက်အလက်တွေက ဖော်ပြနေတယ်လို့ ၂၀၂၄ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာက ဆိုထားပါတယ်။

စာမျက်နှာ ၁၅ သို့ ❂

# တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ပြန်လည်ရောက်ရှိ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်ရှစ်မြို့နယ်မှ ဒေသခံပြည်သူ ၁၂၅၇၈ ဦးကို ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ ဒေသခံပြည်သူ ၁၂၅၇၈ ဦးအား ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ရန်ကုန်မြို့ရှိ အမှတ်(၄) ရေတပ်ဖောတံတားသို့ ရောက်ရှိကြရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇော်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများကကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မအူပင်မြို့နယ်၊ ရွှေလောင်းမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မြောင်းမြမြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်တို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူစုစုပေါင်း ၁၂၅၇၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဆောင်ရွက်ပေးနိုင်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၇၉၉ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၆၀၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၇၈၀၊ ကလေးရောဂါ ၇၉၉ ဦး၊ အရိုးရောဂါ ၁၉၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၀၁ ဦး၊ မျက်စိရောဂါ ၁၈၅၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၀၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၂၅၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၅၇ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၄၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၉၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သော တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် အကြိမ်(၂၀)မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၉၈၁၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၃၂ ဦးတို့အား တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)ရှိ သားဖွားခန်း၌ အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




❂ စာမျက်နှာ ၁၄ မှ

အဓိကအကြောင်းရင်းတစ်ခုဖြစ်တဲ့ မိသားစုကို ကူညီရန်၊ အိမ်အလုပ်များလုပ်ကိုင်ရန်၊ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန်အတွက် ကျောင်းထွက်ရခြင်းက ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိနေတယ်။ အိမ်မှုကိစ္စနဲ့ ပြုစုစောင့်ရှောက်မှုတာဝန်တွေက ကလေးများနဲ့ ဆယ်ကျော်သက်များကို ကျောင်းထွက်ဖို့ တွန်းအားပေးတာကို ပြဆိုနေတယ်လို့ဆိုပါတယ်။

ဒုတိယအရေးပါတဲ့အကြောင်းရင်းက စီးပွားရေးနဲ့သက်ဆိုင်နေပြီး ကျောင်းစရိတ်မတတ်နိုင်လို့ ၂၀ ဒသမ ၆ ရာခိုင်နှုန်း၊ လုပ်ငန်းခွင်လိုအပ်ချက်များ (စိုက်ပျိုးရေး ၁၂ ဒသမ ၁ ရာခိုင်နှုန်း၊ အခြားလုပ်ငန်းများ ၁၃ ဒသမ ၁ ရာခိုင်နှုန်း) တို့ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကျောင်းဆက်မနေနိုင်သူတွေရဲ့ထက်ဝက်ခန့်ဟာ မိသားစုလိုအပ်ချက်ကြောင့် ဒါမှမဟုတ် ပညာရေးအတွက် တိုက်ရိုက်/သွယ်ဝိုက်စရိတ်တွေကို မတတ်နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

**အသက်မွေးမှုတစ်ခုပညာ**

ငယ်တုန်းရွယ်တုန်း ခွန်အားဗလနဲ့ တက်ကြွတဲ့အရွယ်မှာ ကာယလုပ်အားကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းပြုကြရတာဟာ အကန့်အသတ်တွေရှိနေမှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ပြေလည်မှုရနိုင်ပေမယ့် အကြောင်းကြောင်းကြောင့် အလုပ်မလုပ်နိုင်တော့တဲ့အခါ မူလအခြေအနေ ဒါမှမဟုတ် ပိုပြီးဆိုးရွားတဲ့အခြေအနေကို ရောက်သွားနိုင်ပါတယ်။ ဒါ့အပြင် ကာယလုပ်အားကိုအခြေပြုပြီးရရှိတဲ့ လုပ်ခ၊ လစာဆိုတာတွေကလည်း ရေရှည်မှာ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ ခဲယဉ်းလှပါတယ်။ ဒါကြောင့်မို့ ငယ်ရွယ်စဉ် ပညာသင်ရမယ့်အရွယ်မှာ ပညာသင်ကြဖို့ကိုပဲ နှိုးဆော်တိုက်တွန်းကြရမှာ ဖြစ်ပါတယ်။ ဆင်းဆင်းရဲရဲနဲ့ ပညာသင်ကြားရတာဟာ ပိုပြီးရုန်းကန်အားထုတ် ကြိုးစားကြဖို့၊ ပိုပြီးလုံ့လဝီရိယစိုက်ထုတ်ကြဖို့လိုတာ အမှန်ပါပဲ။

> **❛ ပညာသင်ကြရမယ့်အရွယ်မှာ ပညာကို မဖြစ်မနေသင်ယူကြဖို့ပါပဲ။ KG ကနေ ၉ တန်းအထိ နိုင်ငံတော်က အခမဲ့သင်ကြားပေးနေတာဖြစ်တဲ့အတွက် လူ့ဘဝရဲ့ အနည်းဆုံးလိုအပ်ချက်အဖြစ် ၉ တန်းအောင်တဲ့အထိ မဖြစ်ဖြစ်အောင် သင်ယူကြရမှာပဲဖြစ်ပါတယ်။ ဘဝမှာ ဒီထက်ပိုအဆင့်မြင့်ချင်တယ်၊ အဆင်ပြေချင်တယ်ဆိုရင် အခြေခံပညာအထက်တန်းပြီးအောင်ဆက်သင် ဒါမှမဟုတ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ အသက်မွေးဝမ်းကျောင်းပညာတွေသင်ယူ၊ လူဖြစ်ကျိုးနပ်ချင်တယ်ဆိုရင်တော့ တက္ကသိုလ်တက်၊ အဆင့်မြင့်ပညာတွေသင် ကြိုးစားရင်ကြိုးစားသလောက် ထွန်းပေါက်ပြီး ပညာရဲရင့် ပွဲလယ်တင့်နိုင်ကြပြီပေါ့။ အဲဒီလိုအခြေအနေရောက်လာပြီဆိုရင် ကိုယ့်အတွက်ရော၊ နိုင်ငံအတွက်ရော အဖိုးတန်တဲ့ လူသားအရင်းအမြစ်ဖြစ်လာပါပြီ ❜**

အသိပညာ၊ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာတွေကို ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ရှာဖွေသင်ယူကြပြီး လယ်ထဲကိုင်းထဲက၊ ရထားလမ်းဘေး၊ မြစ်ကမ်းနံဘေးရွာလေးတွေက၊ ဝေးလံခေါင်ဖျား တောင်ပေါ်ရွာလေးတွေက၊ မြို့ပြဆင်ခြေဖုံးကျူးကျော်ရပ်ကွက်ထဲက စတဲ့ နေရာတွေကနေ ထွက်ပေါ်လာတဲ့လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ၊ ဆရာဝန်ကြီးတွေ၊ အရာရှိ အရာခံတွေ အများအပြားရှိနေတာ ပါးစပ်ပြောပုံပြင်တွေမဟုတ်ပါဘူး။ ဆင်းရဲတွင်းက လွတ်အောင်ပျံတက်ဖို့ ခွန်အားကောင်းတဲ့ တောင်ပံတစ်စုံလိုတယ်ဆိုရင် အဲဒါဟာ ပညာနဲ့ လုံ့လဝီရိယပါပဲ။

ဒီဆောင်းပါးကို လိုရင်းအနှစ်ချုပ်ရရင်တော့ ပညာသင်ကြရမယ့်အရွယ်မှာ ပညာကို မဖြစ်မနေ သင်ယူကြဖို့ပါပဲ။ KG ကနေ ၉ တန်းအထိ နိုင်ငံတော်က အခမဲ့သင်ကြားပေးနေတာဖြစ်တဲ့အတွက် လူ့ဘဝရဲ့ အနည်းဆုံးလိုအပ်ချက်အဖြစ် ၉ တန်းအောင်တဲ့အထိ မဖြစ်ဖြစ်အောင် သင်ယူကြရမှာပဲ ဖြစ်ပါတယ်။ ဘဝမှာ ဒီထက်ပိုအဆင့်မြင့်ချင်တယ်၊ အဆင်ပြေချင်တယ်ဆိုရင် အခြေခံပညာအထက်တန်းပြီးအောင် ဆက်သင် ဒါမှမဟုတ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ယူ၊ လူဖြစ်ကျိုးနပ်ချင်တယ်ဆိုရင်တော့ တက္ကသိုလ်တက်၊ အဆင့်မြင့်ပညာတွေသင် ကြိုးစားရင်ကြိုးစားသလောက်ထွန်းပေါက်ပြီး ပညာရဲရင့်ပွဲလယ်တင့်နိုင်ကြပြီပေါ့။ အဲဒီလိုအခြေအနေရောက်လာပြီဆိုရင် ကိုယ့်အတွက်ရော၊ နိုင်ငံအတွက်ရော အဖိုးတန်တဲ့ လူသားအရင်းအမြစ် ဖြစ်လာပါပြီ။

အသက် ၅ နှစ်ကစတဲ့ ပညာရေးခရီးဟာ အသက် ၂၅ နှစ်လောက်မှာ ပြီးဆုံးသွားတယ်လို့ ဆိုရပေမယ့် ယနေ့ခေတ်မှာတော့ ဘွဲ့တစ်ခုခုရပြီးရင်လည်း ရပ်ထားလို့မရပါဘူး။ ဘဝတစ်သက်တာမှာ မိမိဘာသာ ပညာကို ဆက်လက်သင်ယူခြင်းဖြင့် ဆက်လက်ရှင်သန်ကြရမှာဖြစ်ပါတယ်။ ဉာဏ်ပညာနဲ့ လုံ့လဝီရိယ တောင်ပံတစ်စုံ အားကောင်းသန်မာကြတာနဲ့အမျှ ကောင်းကင်အမြင့်မှာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပျံသန်းနိုင်ကြမှာဖြစ်တဲ့အကြောင်း ပညာသင်အရွယ် လူငယ်များကို တိုက်တွန်းအားပေးလိုက်ပါတယ် ခင်ဗျား။ ။

# EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ

အောင်ဇေယျဟိန်း

*(ယမန်နေ့မှအဆက်)*


### လောင်စာဆီ လိုအပ်ချက်ကို လျှော့ချနေပြီလား

EV ကြီးထွားလာမှုက လောင်စာဆီသုံးကား ရောင်းအားအမြင့်ဆုံးဖြစ်ခဲ့သည့် ၂၀၁၇ ခုနှစ်နှင့် လောင်စာဆီလိုအပ်ချက်အမြင့်ဆုံးဖြစ်ခဲ့သည့် ၂၀၁၉ ခုနှစ်များအပြီး ယခုဆယ်စုနှစ်၏ အလယ်ပိုင်းတွင် လောင်စာဆီသုံးကားဈေးကွက်သည် အမြင့်ဆုံးသို့ ရောက်ရှိမည်ဟု ဆိုနိုင်သည်။ ပုံ-၃ တွင် တွေ့မြင်ရသည့်အတိုင်း လောင်စာဆီသုံးကားများအတွက် ရေနံလိုအပ်ချက်သည် ဆက်တိုက် တိုးတက်နေသော စွမ်းအင်စွမ်းရည်မြင့်တင်စနစ်များနှင့် EV များ၏ ထွန်းကားလာမှုကြားတွင် ညှစ်ချုပ်ခံရမည်ဖြစ်သည်။ EV များသည် ကားရောင်းအားတစ်ခုလုံး၏ အများစုဖြစ်လာနိုင်ပြီး နောင်လာမည့် ၁၅ နှစ်အတွင်း လောင်စာဆီလိုအပ်ချက်၏ လေးပုံတစ်ပုံသည် သုညသို့ ကျဆင်းသွားမည်ဖြစ်သည်။ ကမ္ဘာ့တောင်ပိုင်း ဒေသများရှိ ဖွံ့ဖြိုးပြီးယာဉ်ဈေးကွက်များဖြစ်သည့် ဆိုင်ကယ်၊ သုံးဘီးယာဉ်များနှင့် လုပ်ငန်းသုံးယာဉ်များကလည်း EV လမ်းကြောင်းကို လျှောက်လှမ်းနေကြပြီဖြစ်ရာ ကုန်းကြောင်းပို့ဆောင်ရေးကဏ္ဍမှ ကမ္ဘာ့ရေနံဝယ်လိုအား၏တစ်ဝက်မှာ မကြာမီကျဆင်းသွားမည်ဟု သုံးသပ်နိုင်ပါသည်။

### EV တိုးတက်မှုကို မရပ်တန့်နိုင်

EV ရောင်းအားတိုးတက်မှုသည် S – မျဉ်းကွေးပုံစံဖြင့် တိုးတက်ရွေ့လျားလျက်ရှိပြီး နိုင်ငံတစ်ခုပြီးတစ်ခုသည် ဆင်တူသောလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိသည်။ စီးပွားရေးသဘောတရားအရ နိုင်ငံများသည် ဈေးကွက်ဝေစုရာခိုင်နှုန်း တစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ ရောက်ရှိရန် နှစ်ပေါင်း ခြောက်နှစ်ခန့်ကြာမြင့်လေ့ရှိပြီး ထိပ်တန်းနိုင်ငံများအနေဖြင့် ရာခိုင်နှုန်း ၈၀ သို့ ရောက်ရှိရန် နောက်ထပ် နှစ်ပေါင်း ခြောက်နှစ်ခန့် အချိန်ယူရလေ့ရှိသည်။

လက်ရှိအချိန်အထိ EV ကြီးထွားမှုနှင့် အခြားနည်းပညာအသွင်ကူးပြောင်းမှု သင်ခန်းစာများကို အခြေခံထားသောလေ့လာမှုများအရ ပုံ-၄ တွင် စာဖတ်သူတွေ့မြင်ရသည့်အတိုင်း ၂၀၃၀ ပြည့်နှစ်တွင် EV ရောင်းချရမှုသည် အနည်းဆုံးလေးခေါက်ချိုးတိုးတက်လာမည်ဖြစ်ပြီး ကမ္ဘာ့ကားရောင်းချမှု၏ ၆၂ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအထိ လွှမ်းမိုးလာမည်ဟု ခန့်မှန်းတွက်ချက်ထားကြပါသည်။ ၂၀၂၆ ခုနှစ် အစောပိုင်းတွင်ပင် EV ရောင်းချရမှုသည် လောင်စာဆီသုံးကားများ၏ ရောင်းချရမှု ရာခိုင်နှုန်းကို ကျော်တက်သွားနိုင်ပါသည်။




ပုံ-၃၊ ၂၀၄၀ ပြည့်နှစ်တွင် လောင်စာဆီလိုအပ်ချက် သိသာစွာလျော့ကျလာပုံ။

အစပိုင်းတွင် နှေးကွေးခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ EV အသုံးပြုမှုသည် ယခုအခါ အရှိန်ရလာခဲ့ပြီး သဘာဝပတ်ဝန်းကျင် အထောက်အကူပြု ကားများ၏ စုစုပေါင်းရောင်းချမှုပမာဏသည် ပြီးခဲ့သည့် တစ်နှစ်အတွင်း နှစ်ဆနီးပါးခန့် တိုးတက်လာခဲ့သည်။ ထို့ပြင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ ပထမခြောက်လအတွင်း EV ၉၁၇၂၆ စီးရောင်းချခဲ့ရပြီး ယင်းပမာဏသည် ပြီးခဲ့သည့်နှစ် ပထမခြောက်လအတွင်း ရောင်းချနိုင်ခဲ့သည့် EV ၄၄၁၇၂ စီးဖြင့် နှိုင်းယှဉ်လျှင် ၁၀၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ကာ ၂၀၂၄-၂၀၂၅ တစ်နှစ်လုံးအတွင်း ရောင်းချခဲ့သည့် EV အရေအတွက် ၁၀၁၀၀၀ ခန့်၏ ၈၆ ရာခိုင်နှုန်းခန့်ရှိနေပြီး EV အသုံးပြုလာမှု၏ ကြီးထွားနှုန်းကို ထင်ဟပ်နေသည်။ ဤသို့ဖြင့် ဈေးကွက်အတွင်း EV ၏ ဝေစုသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အဆုံးတွင် မှတ်တမ်းတင်ခဲ့သည့် ၂ ဒသမ ၆ ရာခိုင်နှုန်းမှ ယခုနှစ်အတွင်း ငါးရာခိုင်နှုန်းခန့်အထိ ရောက်ရှိလာခဲ့သည်။

ဩစတြေးလျနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ဘက်ထရီဖြင့်မောင်းနှင်သော BEV နှင့် PHEV ၇၂၀၀၀ ကျော်ကို ရောင်းချခဲ့ရသည်။ ယင်းမှာ ကားအသစ်ရောင်းချမှုအားလုံး၏ ၁၂ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ်မှ အလားတူကာလနှင့်နှိုင်းယှဉ်လျှင် လေးပုံတစ်ပုံနီးပါး တိုးတက်လာခြင်းဖြစ်သည်။ ဤကဲ့သို့ အရှိန်အဟုန်ရှိနေသော်လည်း တိုးတက်မှုသည် နှေးကွေးနေဆဲဟုဆိုနိုင်သည်။ နော်ဝေ ၉၈ ဒသမ ၃ ရာခိုင်နှုန်း၊ နီပေါ ၇၆ ရာခိုင်နှုန်းနှင့်တရုတ် ၅၁ ရာခိုင်နှုန်းကဲ့သို့သော နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဩစတြေးလျနိုင်ငံ၏ EV ရောင်းချမှုနှုန်းသည် နောက်ကျကျန်ရစ်နေခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် BEV အစီးရေ ၆၆၀၀၀ ကျော်ကိုမှတ်ပုံတင်ခဲ့ပြီး အိမ်နီးချင်း နိုင်ငံများကို ကျော်လွန်ကာ ဒေသတွင်းတွင် အရင့်ကျက်ဆုံး EV ဈေးကွက်အဖြစ် ၎င်း၏ရပ်တည်ချက်ကို ခိုင်မာစေလျက်ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် EV ကဏ္ဍ၌ အိမ်စီးကား ၇၂၅၀၀၀ (စုစုပေါင်း အိမ်စီးကားများ၏ ၃၀ ရာခိုင်နှုန်း)၊ EV ဆိုင်ကယ် ၆၇၅၀၀၀ (စုစုပေါင်း ဆိုင်ကယ်များ၏ ၃၀ ရာခိုင်နှုန်း)၊ EV ဘတ်စ်ကား ၃၄၀၀၀ (စုစုပေါင်း ဘတ်စ်ကားများ၏ ၄၇ ရာခိုင်နှုန်း)၊ အမြန်အားသွင်းရုံ ၁၂၀၀၀ အထိ ဖွံ့ဖြိုးတိုးတက်လာရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားအစိုးရသည် ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းရှိသည့် အမျိုးသားလျှပ်စစ်ကားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ချမှတ်ကာ ၂၀၃၀ ပြည့်နှစ်တွင် ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစား အိမ်စီးကား ၂၅၀၀၀၊ လုပ်ငန်းသုံးကား ၅၀၀၀၊ ဆိုင်ကယ် နှစ်ဘီး ၇၂၀၀၀၀ နှင့် သုံးဘီးယာဉ် ၂၀၀၀၀ တို့ကို သုံးစွဲနိုင်ရေးရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိပြီး EV အသုံးပြုမှု ရေပန်းစားလာပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် အာဆီယံတွင် အလျင်မြန်ဆုံး တိုးတက်နေသော EV ဈေးကွက်ကို ပိုင်ဆိုင်ထားပြီး ၂၀၂၄ ခုနှစ်တွင် VinFast ၏ ရောင်းအားသည် ၁၇၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ EV ကားများသည် ယခုအခါ ကားသစ်ရောင်းချမှု၏ ရာခိုင်နှုန်း ၂၀ ခန့်ကို ကိုယ်စားပြုလျက်ရှိရာ နိုင်ငံအတွင်း၌ လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန်အတွက်လောင်စာဆီသုံးမော်တော်ဆိုင်ကယ် အသုံးပြုခြင်းကို ၂၀၂၆ ခုနှစ် ဇူလိုင်လမှစ၍ တားမြစ်ရန် စီစဉ်လျက်ရှိပါသည်။ ဟိုချီမင်းမြို့၌ EV များကို သင့်တော်သော နှုန်းထားဖြင့် အားသွင်းနိုင်ပြီး ခေတ္တနားနေရန် နေရာထိုင်ခင်းများပါ စီစဉ်ထားရှိသည့် ကော်ဖီဆိုင်များကို ၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လမှစကာ EV ဘတ်စ်ကား ၄၄၃ စီးကို ထပ်မံဖြည့်တင်းခဲ့ရာ EV ဘတ်စ်ကား ၆၁၃ စီးအထိ ရှိလာကြောင်း လေ့လာသိရှိရပါသည်။

နီပေါနိုင်ငံ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးဘီးတပ် EV တင်သွင်းမှု ၁၀၇၀၁ စီးသာရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လေးဘီးတပ် EV တင်သွင်းမှု ၁၃၅၇၈ စီး တင်သွင်းနိုင်ရာ ၁၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ယင်းတင်သွင်းမှုများအနက် ၇၅ ဒသမ ၂ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှ ဖြစ်ကြောင်း သိရှိရပါသည်။

### ကမ္ဘာ့ EV ဈေးကွက်ကို ဦးဆောင်နေသည့် နိုင်ငံ


အမှန်စင်စစ်တွင် ကမ္ဘာ့ EV ဈေးကွက်သည် ပြင်းထန်လှသည့် စစ်ပွဲတစ်ခုအသွင်ဆောင်လျက်ရှိပြီး တရုတ်နိုင်ငံက ထိပ်ဆုံးနေရာတွင်နေရာယူထားမှုကို ဖယ်ထုတ်နိုင်ရေးအတွက် EV များ တင်ပို့မှုအပေါ် နိုင်ငံအချို့က အခွန်အခများ မြှင့်တင်ကောက်ခံကြပါသည်။ သို့ရာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ EV ဈေးကွက်တွင် အခြားနိုင်ငံများ ယှဉ်နိုင်စွမ်းမရှိအောင် ပြတ်သားစွာ ဦးဆောင်ထားနိုင်သော နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် ကမ္ဘာ့ BEV မှတ်ပုံတင်မှုပမာဏအားလုံး၏ ၅၇ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ပိုင်ဆိုင်ထားသည်။ ယင်းသည် တရုတ်နိုင်ငံ၏ ဇရိယာနယ်နိမိတ်ကြီးမားကာ လူဦးရေများပြားပြီး EV သုံးစွဲသူများပြားမှု၊ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးပံ့ပိုးမှုများ၊ EV သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကာလရှည်ကြာ တစိုက်မတ်မတ် နှစ်မြှုပ်ဆောင်ရွက်ခဲ့ရာက နည်းပညာအရွေ့များတွင် ဦးဆောင်နေမှု၊ အဆင့်မြင့်ဘက်ထရီနည်းပညာများ အသုံးချနိုင်မှုနှင့် EV သုံးစွဲသူများ၏ စိတ်ကြိုက် နည်းပညာအသစ်အဆန်းများဆိုင်ရာ စဉ်ဆက်မပြတ် တီထွင်ဆန်းသစ်နိုင်မှုများသည် ကမ္ဘာ့ EV လောကကို တရုတ်နိုင်ငံက စိုးမိုးထားနိုင်မှုကို အစဉ်အရှိန်အဟုန် မြှင့်တင်ပေးလျက်ရှိသည်။ လေ့လာမှုများအရ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အတွင်း ဥရောပသည် BEV မှတ်ပုံတင်မှု ၂၂ ရာခိုင်နှုန်းဖြင့် တရုတ်နိုင်ငံ၏ BEV မှတ်ပုံတင်မှုအောက် ၃၅ ရာခိုင်နှုန်း လျော့နည်းကာ နောက်မှလိုက်နေပြီး အမေရိကန်နိုင်ငံသည် BEV မှတ်ပုံတင်မှု ၁၂ ရာခိုင်နှုန်းသာရှိ၍ တရုတ်နိုင်ငံ၏ BEV မှတ်ပုံတင်မှုအောက် ၄၅ ရာခိုင်နှုန်း လျော့နည်းနေကြောင်း တွေ့ရှိရသည်။

### EV ခေတ်ဆီ ဦးတည်ပြီ

နိုင်ငံတကာတွင် ကမ္ဘာ့ EV သုံးစွဲမှု တစ်ရှိန်ထိုး မြင့်တက်လာမှုကြောင့် ဘက်ထရီထုတ်လုပ်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လာသည်ကို တွေ့ရှိလာရပါသည်။ မိနစ်ပိုင်းမျှ အားသွင်းရုံဖြင့် မိုင်ပေါင်းရာထောင်ချီ သွားလာနိုင်ပြီး စွမ်းရည်မြင့် လီသီယံ-အိုင်းယွန်း ဘက်ထရီမျိုးကွဲများအပြင် ဆိုဒီယမ်-အိုင်းယွန်းနှင့် နှစ်ပေါင်း ၄၀ သက်တမ်းရှိသည့် စွမ်းအင်သိပ်သည်းဆကြီးမားသည့် Solid State EV ဘက်ထရီများဆိုင်ရာ ဘက်ထရီနည်းပညာအသစ်အဆန်းများလည်း ပေါ်ပေါက်လာပြီဖြစ်ပါသည်။ EV သုံးစွဲသူများစိတ်ကြိုက် တီထွင်ဖန်တီးနိုင်ရေးအတွက် သုတေသနပြုလေ့လာစရာ နေရာလွတ်များ ဆက်လက်တည်ရှိနေမှုသည် ၂၀၃၀ ပြည့်နှစ်တွင် ဘက်ထရီဈေးနှုန်းများ ထက်ဝက်ခန့် ကျဆင်းသွားမည်ဖြစ်ကြောင်း ညွှန်ပြနေပြီး နိုင်ငံကြီးတိုင်းနှင့် ယာဉ်အမျိုးအစားတိုင်းသည် ဈေးနှုန်းတူညီမှုကို ခံစားရရှိစေမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ○




ပုံ-၄၊ ၂၀၃၀ ပြည့်နှစ်အထိ EV နှင့် လောင်စာဆီသုံးကားဈေးကွက် နှိုင်းယှဉ်ခန့်မှန်းပြပုံ။

○ စာမျက်နှာ ၁၆ မှ

ပြောင်းလဲမှုများ၏ အဓိကမောင်းနှင်အားသည် ယခင်က မူဝါဒများဖြစ်ခဲ့သော်လည်း ယခုအခါတွင် စီးပွားရေးဆိုင်ရာအချက်များနှင့် နည်းပညာထိပ်ဆုံးနေရာအတွက် ပြိုင်ဆိုင်မှုတို့က ပါဝင်နေရာယူလာခဲ့ပြီဖြစ်ပါသည်။ EV ဖွံ့ဖြိုးမှုကို ဦးဆောင်နေသော တရုတ်နိုင်ငံနှင့် အခြားသော EV ထုတ်လုပ်ရောင်းချသည့် နိုင်ငံများအကြား ကမ္ဘာ့ EV လောကတွင် အုပ်စိုးနိုင်ရန်အတွက် ယှဉ်ပြိုင်မှုများ ပြင်းထန်လာပြီး အထက်ပါ EV ဘက်ထရီနည်းပညာသစ်များ အပြိုင်အဆိုင် ဖွံ့ဖြိုးလာမှုနှင့်အတူ မောင်းနှင်မှုစွမ်းဆောင်ရည်မြှင့်တင်ကာ အလိုအလျောက်မောင်းနှင်ထိန်းချုပ်စနစ်များ ထွန်းကားလာခြင်း၊ ဒီဇိုင်းများ အစဉ်ဆန်းသစ်လာခြင်း၊ Smart City များတည်ထောင်မှုကြောင့် EV သုံးစွဲမှု ခေတ်စားလာခြင်း၊ Smart Grid ဖြင့် ဓာတ်အားစနစ်များ အဆင့်မြှင့်တင်ကာ EV အားသွင်းခြင်းဆိုင်ရာ အခက်အခဲများအတွက် ဖြေရှင်းရန် နည်းပညာအဖြေများကို သုတေသနများမှတစ်ဆင့် ရှာဖွေတွေ့ရှိလာကြခြင်း၊ ဓာတ်အားလိုင်း ကွန်ရက်စနစ်နှင့် ကွန်ရက်စနစ်ပြင်ပ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အခြေပြု EV အားသွင်းစခန်းများကို တည်ဆောက်နေရာချထားခြင်းဆိုင်ရာ နည်းပညာများ အသုံးချလာကြခြင်းနှင့် ဘက်ထရီလဲလှယ်စနစ်ရုံ (Battery Swapping Station)များ တည်ထောင်အသုံးပြုခြင်းတို့ကြောင့် ကမ္ဘာ့ကားဈေးကွက် ကြိုတင်ခန့်မှန်းသူများသည် ၎င်းတို့၏ EV ဈေးကွက်ဝေစုကြီးထွားလာမှုကို လျှော့တွက်၍မရတော့ဘဲ ခန့်မှန်းချက်များကို နှစ်စဉ်နှစ်တိုင်း မြှင့်တင်ပြင်ဆင်နေရလျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဤနေရာတွင် နိုင်ငံအချို့၌ ဟိုက်ဒရိုဂျင်သုံး လောင်စာဆဲလ်ယာဉ်များ(Hydrogen Fuel Cell Vehicles–FCEVs) သုံးစွဲမှုများကို တွေ့ရှိလာရသဖြင့် EV လမ်းကြောင်းရွေးချယ်မှုအတွက် သံသယရှိစရာဖြစ်စေနိုင်ပါသည်။ အဆိုပါ ဟိုက်ဒရိုဂျင်သုံး လောင်စာဆဲလ်ယာဉ်သည် ပတ်ဝန်းကျင်ကိုညစ်ညမ်း

**❛ EV များသည် ကားရောင်းအားတစ်ခုလုံး၏ အများစုဖြစ်လာနိုင်ပြီး နောင်လာမည့် ၁၅ နှစ်အတွင်း လောင်စာဆီလိုအပ်ချက်၏ လေးပုံတစ်ပုံသည် သုညသို့ ကျဆင်းသွားမည်ဖြစ်သည်။ ကမ္ဘာ့တောင်ပိုင်းဒေသများရှိ ဖွံ့ဖြိုးပြီးယာဉ်ဈေးကွက်များဖြစ်သည့် ဆိုင်ကယ်၊ သုံးဘီးယာဉ်များနှင့် လုပ်ငန်းသုံးယာဉ်များကလည်း EV လမ်းကြောင်းကို လျှောက်လှမ်းနေကြပြီဖြစ်ရာ ကုန်းကြောင်းပို့ဆောင်ရေးကဏ္ဍမှ ကမ္ဘာ့ရေနံဝယ်လိုအား၏တစ်ဝက်မှာ မကြာမီ ကျဆင်းသွားမည် ❜**

မှု မရှိစေသော သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အလားအလာရှိနေသော်လည်း EV လို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံသုံးစွဲနိုင်ရန်အတွက် အဓိကအားနည်းချက်များ ရှိနေပါသေးသည်။

ယင်းတို့မှာ ၁။ ဟိုက်ဒရိုဂျင်ဖြည့်တင်းနိုင်သည့် စခန်းများ (Refueling Stations) အလွန်နည်းပါးခြင်း၊ ၂။ လောင်စာဖြည့်တင်းကုန်ကျစရိတ်မြင့်မားလွန်းခြင်း (ဟိုက်ဒရိုဂျင်ထုတ်လုပ်မှု၊ ဖိသိပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှုနှင့် ဖြည့်တင်းစခန်းလည်ပတ်မှု စသည့်စရိတ်များကြောင့် ပန့်တွင်ရောင်းချသည့် ဈေးနှုန်းမှာ အလွန်မြင့်မားနေခြင်း)၊ ၃။ ယာဉ်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း (လောင်စာဆဲလ်များ၌ ပလက်တီနမ်နှင့် အဖိုးတန်သတ္တုများလိုအပ်သောကြောင့် ယာဉ်၏ ကနဦးကုန်ကျစရိတ်မှာလည်း မြင့်မားနေခြင်း)၊ ၄။ စွမ်းအင်စွမ်းရည်နည်းပါးခြင်း (လျှပ်စစ်ဓာတ်ကို ဟိုက်ဒရိုဂျင်အဖြစ်သို့ ပြောင်းလဲခြင်း၊ ဖိသိပ်ခြင်း၊ အရည်ဖြစ်အောင်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြည့်တင်းစခန်း၌ သိုလှောင်ခြင်း၊ ဖြည့်တင်းပြီးနောက် ယာဉ်ပေါ်ရှိ လောင်စာဆဲလ်၌ လျှပ်စစ်ဓာတ်အဖြစ် ပြန်ပြောင်းခြင်း စသည့်လုပ်ငန်းစဉ်များတွင် စွမ်းအင်များစွာ ဆုံးရှုံးရခြင်း)၊ ၅။ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း အခက်အခဲများ (ဟိုက်ဒရိုဂျင်သည် ထုထည်လိုက် စွမ်းအင်သိပ်သည်းဆ နည်းပါးသောကြောင့် ယာဉ်ပေါ်တွင် သိုလှောင်ကန်ဒီဇိုင်းကို ရှုပ်ထွေးစေပြီး စရိတ်ကြီးစေခြင်းနှင့် ဟိုက်ဒရိုဂျင်သည် လေနှင့်ထိတွေ့ပါက အလွန်မီးလောင်လွယ်ပြီး မီးတောက်မှာလည်း မမြင်ရနီးပါးဖြစ်၍ ယိုစိမ့်မှုဖြစ်ပါက ပေါက်ကွဲနိုင်ခြေရှိသဖြင့် ဘေးအန္တရာယ်ကာကွယ်ရေးစနစ်များဖြင့် တည်ဆောက်ထားရခြင်း)တို့ ဖြစ်ကြပါသည်။ အဆိုပါ အားနည်းချက်များအပြင် ပြည်ပနိုင်ငံများသို့ စာရေးသူလေ့လာရေးများ သွားရောက်စဉ် ဆွေးနွေးမေးမြန်းမှုများအရ ဟိုက်ဒရိုဂျင်သုံး လောင်စာဆဲလ်ယာဉ်များ တွင်ကျယ်စွာ သုံးစွဲနိုင်ရန်မှာ ကုန်ကျစရိတ်များပြားလွန်းရာ ဖွံ့ဖြိုးမှုသည် အလှမ်းဝေးလျက်ရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့သယ်ယူပို့ဆောင်ရေးယာဉ်များသည် လက်ရှိပြိုင်ဆိုင်မှု အရှိန်အဟုန် ပြင်းထန်လျက်ရှိသည့် **EV ခေတ်ဆီ ဦးတည်လျက်ရှိနေကြောင်း** စာရေးသူအနေဖြင့် သုံးသပ်တွေ့ရှိရပါသည်။

**ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

စာရေးသူတို့၏ နိုင်ငံတွင်လည်း "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဟူသော အမျိုးသားရေးဆောင်ပုဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့အဖိုးတန် ရေမြေ သဘာဝပတ်ဝန်းကျင်သာယာလှပရေးကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေး၊ အခြားသော နိုင်ငံများနည်းတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု တိုက်ဖျက်ရေး၊ ကာဗွန်ကင်းစင်ကာ ရုပ်ကြွင်းလောင်စာများမှ ထိခိုက်မှုများလျှော့ချနိုင်ရေး၊ နိုင်ငံတော်က စက်သုံးဆီဆိုင်ရာ နိုင်ငံခြားငွေကုန်ကျစရိတ်များနှင့် ပြည်သူတို့အတွက် လောင်စာဆီသုံးကားလို စက်သုံးဆီ အသုံးစရိတ်မရှိခြင်းနှင့် လည်ပတ်မှုအင်ဂျင်မပါဝင်သဖြင့် ပြုပြင်ထိန်းသိမ်းရမှုများအတွက် ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်းအပြင် နိုင်ငံ့မြို့ကြီးများ၌ လေထုအရည်အသွေးညွှန်းကိန်းများကို မြင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသော လေထုမှတစ်ဆင့် ကျန်းမာရေးကောင်းမွန်စေသည့် ဆုလာဘ်များကိုပါ ရရှိနိုင်ရေး၊ ခေတ်မီ EV များ စနစ်တကျသုံးစွဲနိုင်ကာ Smart Transportation System မှတစ်ဆင့် Smart City များဖြစ်ထွန်းလာစေခြင်း စသောအကျိုးကျေးဇူးများ ရရှိစေနိုင်ရေး၊ EV သုံးစွဲမှု မြင့်တက်လာမှုနှင့်အညီ ပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ စံချိန်စံညွှန်းများနှင့်အညီ သက်တမ်းပြည့် သုံးစွဲနိုင်စေရေးတို့အတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ EV ကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒများနှင့် လမ်းညွှန်ချက်များအတိုင်း လုပ်ငန်းကော်မတီ ငါးခုတို့က ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတော့သည်။ ။

**ကိုးကားချက်–**

၁။ စာရေးသူ၏ သုတေသနပြုလေ့လာမှု အတွေ့အကြုံများ

၂။ အင်တာနက်မှ ရှာဖွေလေ့လာမှုများ

■

## တာချီလိတ်မြို့၌ (၁၈)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာစုပေါင်း "ခါးထောင်းဖား"ပွဲတော် ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၁၈)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာစုပေါင်း "ခါးထောင်းဖား"ပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ပါလျှံ(၁) ရန်အောင်မြေရပ်ကွက် တာ့ဟွာတရုတ်ဘုံကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက အာခါတိုင်းရင်းသားများသည် အာခါ "ဇန်း"ခေါ် ယုံကြည်ကိုးကွယ်မှုဘာသာတရား၊ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအပြင် ထူးခြားသည့် ဝတ်စားဆင်ယင်မှုကိုလည်း ယနေ့တိုင်ဖော်ထုတ် ထိန်းသိမ်းလျက်ရှိကြောင်း၊ "ခါးထောင်းဖား" ပွဲတော်ကို စဉ်ဆက်မပြတ် ကျင်းပခြင်းဖြင့် မိမိ၏ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ဆောင်နိုင်ကြပါစေကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အာခါတိုင်းရင်းသားအကြီးအကဲ ဦးမင်းညိုက အာခါရိုးရာစုပေါင်း "ခါးထောင်းဖား" ပွဲတော်ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကာ (၁၈)ကြိမ်မြောက် "ခါးထောင်းဖား" ပွဲတော်အထိမ်းအမှတ် အာခါလူငယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ထာဝရအလင်းတန်းပရဟိတအသင်း နှစ်ပတ်လည်နေ့ အခမ်းအနားပြုလုပ်



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ထာဝရအလင်းတန်း ပရဟိတအသင်း၏ (၁၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးစစ်မင်းအောင်က ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမင်းမင်းဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ထာဝရအလင်းတန်း ပရဟိတအသင်းဥက္ကဋ္ဌ ဦးနေဝင်းစိုးက ၂၀၁၂ ခုနှစ်မှ စတင်၍ ၂၀၂၅ ခုနှစ် ယခုအချိန်ထိ လူမှုကူညီရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အလှူရှင်များ၊ အသင်းရုံးချုပ်နှင့် ပူးပေါင်းပါဝင်ခဲ့သော အသင်းများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ယင်းနောက် လူမှုကူညီစောင့်ရှောက်ရေး လုပ်ငန်းများအား အသက်စွန့်ကြိုးပမ်းခဲ့ကြသော မျိုးဆက်သစ်များ၊ အဘက်ဘက်မှ စီစဉ်ဆောင်ရွက်ပေးခဲ့သူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**အုတ်တွင်း ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ရွေးကောက်ပွဲတွင် ပြည်သူများအားလုံး ပါဝင်နိုင်ရေး၊ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲ လှုံ့ဆော်မှု "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၁၂ ရက်က မြို့ပေါ် ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့် ဘုရားအနီးနှင့်



လူစည်ကားရာ မြို့မဈေးကြီးနေရာ၌ ပြုလုပ်သည်။

**ပါဝင်ဆောင်ရွက်**

အဆိုပါ အသိပညာပေးဆိုင်းဘုတ်စိုက်ထူရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်အသင်း အဖွဲ့ အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဆင်ဖြူစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ခေမာစာရမဟာထေရ်မြတ်၏ သက်တော်(၇၄)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်နှင့် မြဆရာတော်ဘုရားကြီး၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

မော်လမြိုင် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် ဆင်ဖြူစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာစာရ၏ သက်တော်(၇၄)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ပဓာနမဟာနာယက မြဆရာတော်၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အပူဇော်ခံဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့



တက်ရောက်ပြီး မြဆရာတော်ထံမှ ဧည့်ပရိသတ်အပေါင်းများက ငါးပါးသီလခံယူဆောက်တည်၍ ဩဝါဒတရားနာယူကာ မြဆရာတော်ဘုရားကြီးအား ပိုဒ်စုံရတုဖြင့် ချီးကျူးပူဇော်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြဆရာတော်အား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့လက်မှတ်တော်ကို ထပ်ဆင့်ဆက်ကပ်ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဘွဲ့တံဆိပ်တော်နှင့် အလံတော်ကို ထပ်ဆင့်ဆက်ကပ်သည်။

ယင်းနောက် မွန်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဓမ္မပူဇာငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အလှူရှင်များက အလှူတော်ငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပြီး ရွှေရတုတိပိဋကဓရ မော်ကျွန်းဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မအူပင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မအူပင် ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၌ ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်ဦးစီးအရာရှိ ဦးသန့်စင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့က ဦးဆောင်၍ သမဝါယမမိသားစုများက ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ခြင်း၊ ဘုရားရင်ပြင်တော် အတွင်း၊



အပြင် တံမြက်စည်းလှည်းခြင်းနှင့် ဘုရားဝင်းပြင်ပ၌ အမှိုက်ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## နတ်တလင်းမြို့၌ မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ကြိုဆိုဂုဏ်ပြု အရုဏ်ဆွမ်း လောင်းလှူ

နတ်တလင်း ဒီဇင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရုဏ်ဆွမ်းလောင်းလှူခြင်းကို ယမန်နေ့နံနက်ပိုင်းက သကျမဟာမြတ်မုနိဘုရားကြီးဝင်း၌ ပြုလုပ်သည်။

အဆိုပါ အရုဏ်ဆွမ်းလောင်းလှူပွဲကို နတ်တလင်းမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်သီတာနှင့် ဝန်ထမ်းများ၊မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က သံဃာတော် ၁၉၉ ပါးအား အရုဏ်ဆွမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

## မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်

ပုသိမ် ဒီဇင်ဘာ ၁၄

မြန်မာ့သမဝါယမ စတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် နေ့လယ်စာ မိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းက အမှာစကား ပြောကြားပြီး ဂုဏ်ထူးရ သင်တန်းသား သင်တန်းသူများနှင့် စွမ်းဆောင်ရည်ထူးချွန်ဆုရ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်အသင်းစုများမှ စွမ်းဆောင်ရည်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများအား နေ့လယ်စာ မိတ်ဆုံစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **မေချို**



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် (၁၂၁)နှစ်မြောက် သမဝါယမနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၁၁ ရက်က ဝေါမြို့ ဓမ္မမေဒိနီဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာတော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဝတ္ထုငွေနှင့် အဝတ်အထည်များကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များက ပေးအပ်လှူဒါန်းစဉ်။

မြို့နယ်(ပြန်/ဆက်)

## ပေါက်ခေါင်းမြို့နယ်၌ မြန်မာ့သမဝါယမစတင်ခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် လမ်းခင်းလုပ်အားပေး

ပေါက်ခေါင်း ဒီဇင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် (၁၂၁)နှစ်မြောက် မြန်မာ့သမဝါယမ စတင်ခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် လေးကြီးကျေးရွာ၌ စုပေါင်းလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ ဝန်ထမ်းများ၊ နေခြည်သစ်စိုက်ပျိုးရေးနှင့် အထွေထွေအခြေခံသမဝါယမ အသင်းမှ အသင်းသား တောင်သူများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လေးကြီးကျေးရွာရှိ ရွာလယ်လမ်းမကြီးအား လမ်းခင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)





## ကချင်ပြည်နယ် သမဝါယမဦးစီးဌာနရုံး၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

မြစ်ကြီးနား ဒီဇင်ဘာ ၁၄

မြန်မာ့သမဝါယမ စတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်သမဝါယမဦးစီးဌာနရုံး၌ သမဝါယမအသင်းများ ရေရှည်ရပ်တည်ဖွံ့ဖြိုးတိုးတက်စေနိုင်ရေး ခေါင်းစဉ်ဖြင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က အဆိုပါ ဦးစီးဌာနရုံး ဆွတ်ဂျာအိန်ခန်းမ၌ ကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ဝန်ထမ်း ၁၀ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံးပြောဆိုနိုင်သူအား ရွေးချယ်ဆုချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်နယ်ဦးစီးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများက ပြည်နယ်နှင့် မြို့နယ် အရာထမ်း/အမှုထမ်း ၁၀၄ ဦးအတွက် အားကစားဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူး၍ မူပိုင်ခွင့်ဆိုင်ရာဥပဒေများဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ Online/In person(Hybrid) စနစ်ဖြင့် ကျင်းပသည်။

မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်တို့က အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက မူပိုင်ခွင့်ဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲတွင် အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က မူပိုင်ခွင့်ဆိုင်ရာဥပဒေ (၄) မျိုး၏အနှစ်ချုပ်၊ ဧယျာဝတီရိခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးမျိုးကျော်အောင်က စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေဆိုင်ရာမှုခင်းများ၊ အောင်မြေသာစံခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်လွင်လွင်လှိုင်က တီထွင်မှုမူပိုင်ခွင့်ဥပဒေဆိုင်ရာမှုခင်းများ၊ ပျဉ်းမနားခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးစိုးခွန်ဖြူက New Patent Law and; New Issues, Challenges and Role of Intellectual Property Court၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသန့်က ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေဆိုင်ရာ သုတအဖြာဖြာ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြသည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ၊ စာပေအနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာ အမေးအဖြေများစာအုပ်ပြုစုထုတ်ဝေရေးလုပ်ငန်း အဖွဲ့ဝင်များ စုစုပေါင်း ၂၅ ဦးတို့သည် အွန်လိုင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားသူကြီးများ၊ ခရိုင်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၅၃ ဦးနှင့် မန္တလေးရှေ့နေအသင်းမှ အသင်းဝင်ရှေ့နေများ ၅၆ ဦး၊ စုစုပေါင်း ၁၀၉ ဦးတို့သည် ကိုယ်တိုင်တက်ရောက်၍လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် မြန်မာ့သမဝါယမ စတင်ခြင်း (၁၂၁) နှစ်မြောက် နှစ်ပတ်လည်နေ့အကြို သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့် မြို့နယ်သမဝါယမဦးစီးဌာနများမှ အရာရှိ ၇၀ တက်ရောက်ကြပြီး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုကို**



## ရမည်းသင်းမြို့၌ မီးဘေးလုံခြုံရေး ဆောင်ရွက်

**ရမည်းသင်း ဒီဇင်ဘာ ၁၄**

ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့် အနီးကပ်ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဦးထွန်းထွန်းဇော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက KTV များ မီးဘေးလုံခြုံရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လုပ်ငန်းရှင်များအား မီးဘေးကြိုတင်ကာကွယ်ရေးတွင် အသုံးပြုသည့်ပစ္စည်းများ အဆင်သင့်ထားရှိရန်၊ ဆိုင်တွင်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် ကာကွယ်ရေးသုံးပစ္စည်းများ အသုံးပြုတတ်မှုများကို စစ်ဆေးခြင်း၊ ဓာတ်တိုက်သရုပ်ပြသခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခြင်းနှင့် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အများပြည်သူပိုင်လုပ်ငန်းအစုအဖွဲ့က နိုင်ငံတော်သို့ ငွေကျပ်သိန်း ၄၄၉၄၀ ကျော် အခွန်ဆောင်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အများပြည်သူပိုင်လုပ်ငန်း အစုအဖွဲ့အဖြစ် လုပ်ကိုင်ရင်း (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အထိ ၂၇ နှစ်တာကာလအတွင်း နိုင်ငံတော်သို့ အခွန်ငွေ ကျပ်သိန်း ၄၄၉၄၀ ကျော် ပေးသွင်းထားပြီး ဖြစ်ကြောင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက် ဥက္ကဋ္ဌ ဦးရွှေကြိုင်က ပြောသည်။



ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်သော (၂၇) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်နှင့် စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားခြင်း၊ အတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းအတည်ပြုခြင်း၊ အစုရှယ်ယာရှင်များက မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်သည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်တွင် ဆောက်လုပ်ရေး လုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်၊ ကုန်သည်၊ စစ်မှုထမ်း၊ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ အငြိမ်းစား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဥပဒေ၊ ကျောင်းသားကျောင်းသူ၊ ပြည်သူ စသည့် လူတန်းစားအလွှာ အသီးသီးမှ အစုရှယ်ယာရှင်များအဖြစ် ပါဝင်ကြကြောင်း၊ ၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အစိုးရပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်အရ အင်းစိန်ရွာမ သံမဏိစက်ရုံကို ပုဂ္ဂလိကသို့ စတင်လွှဲပြောင်းခဲ့ရာမှ ဆောက်လုပ်ရေးလုပ်ငန်းရှင်အများစုပါဝင်သော ရှယ်ယာရှင်များဖြင့် ပုဂ္ဂလိကအစုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် မေလတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ရွာမသံမဏိစက်ရုံကို ပြန်လည်လွှဲပြောင်းခဲ့ရသဖြင့် ဖွဲ့စည်းထားပြီးဖြစ်သော အစုအဖွဲ့ ပျက်ပြားမသွားစေရန် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အများပြည်သူတို့အား ရှယ်ယာများ ဖိတ်ခေါ်၍ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထက်**

## ဇီးကုန်းမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းခြင်းနှင့် စက်ကိုင်မွမ်းမံသင်တန်း ပြုလုပ်

**ဇီးကုန်း ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ညှိနှိုင်းခြင်းနှင့် စက်ကိုင်မွမ်းမံသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက အမှာစကားပြောကြားသည်။ ထို့နောက် ဇီးကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့်သူများ၏ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်စုစုနှင်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မဲပေးစက်တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အားပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်မှုများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၅၀၀ တက်ရောက်ကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ စက်ဘီးစီးအားကစားပြိုင်ပွဲ ကျင်းပ

မုံရွာ ဒီဇင်ဘာ ၁၄

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ စက်ဘီးစီးအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်တွင် ကျင်းပသည်။




စက်ဘီးစီးပြိုင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ မြို့နေပြည်သူများ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ အဆိုပါမုခ်ဦးရှေ့တွင် အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲအား တာထွက်အချက်ပြ ဖွင့်လှစ်ပေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး စက်ဘီးစီးပြိုင်ပွဲဝင် အားကစားသမားများက အရှေ့ဘက်ကန်သာယာကန်တစ်ပတ်နှင့် အနောက်ဘက်ကန်သာယာကန်တစ်ပတ် ယှဉ်ပြိုင်ကြကာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ စက်ဘီးစီးပြိုင်ပွဲဝင် အားကစားသမားများ ပန်းဝင်လာမှုကို တပျော်တပါး ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဂေါက်ကွင်းတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ကြပြီး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လာကြသည့် ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲကို စမုတ်ဘောရိုက်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဝန်ကြီးဌာနပေါင်းစုံမှ ဂေါက်သီးရိုက်ပြိုင်ပွဲဝင် အားကစားသမားများက သတ်မှတ်တာထွက်နေရာများမှစတင်၍ ပြိုင်ပွဲအား စတင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# ပခုက္ကူမြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ပခုက္ကူ ဒီဇင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

လူထုလမ်းလျှောက်ပွဲကို နံနက် ၇ နာရီတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လည်းကောင်း၊ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်ဦးဆောင်သော ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်ခင်ထွတ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တက္ကသိုလ်ဝင်း၌လည်းကောင်း နှစ်ပိုင်းခွဲကျင်းပပြီး ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မိုးမိုးမြင့်နှင့် ဝန်ထမ်းများ၏ ဦးဆောင်မှုဖြင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ အသင်းခွဲရုံးနှင့် ဖူဆယ်အားကစားကွင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်ထောင်စု နယ်မြေ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ "အသင်းခွဲရုံးနှင့် ဖူဆယ်အားကစားကွင်း ဖွင့်ပွဲ" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။




ဦးစွာ ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ အသင်းခွဲရုံးနှင့်ဖူဆယ်အားကစားကွင်းအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ပုဗ္ဗသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အမှုဆောင်အဖွဲ့ဝင် ဒေါ်တင့်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၏ အသင်းခွဲရုံးအတွင်း ကူညီကယ်ဆယ်ရေး ပစ္စည်းများ စုဖွဲ့ထားရှိမှုနှင့် ဖူဆယ်အားကစားကွင်းအား လှည့်လည်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ယနေ့ပြုလုပ်သည့် အသင်းခွဲရုံးနှင့် ဖူဆယ်အားကစားကွင်း ဖွင့်ပွဲအခမ်းအနားသည် အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကာ လူငယ်များ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုပါကြောင်း ပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချိုက အသင်းလှုပ်ရှားဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင်များက ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၏ အသင်းခွဲရုံး တည်ဆောက်သည့်အချက်အလက်များနှင့် စာရွက်စာတမ်းများကို ဥတ္တရသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမောင်ချိုအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ် (၁)ရပ်ကွက်၊ အောင်မင်္ဂလာကွက်သစ် လူနေအိမ်များအား မီးဘေးလုံခြုံရေးအတွက် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်၊ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့က မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်စဉ်။ ဟိန်းကိုအောင်

# ဒီဇင်ဘာလ လူထုအားကစားလမ်းလျှောက်ပွဲ YOUTH International College(YIC) က ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဒီဇင်ဘာလ လူထုအားကစားလမ်းလျှောက်ပွဲအဖြစ် ရန်ကုန် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ရွှေတိဂုံခြေတော်ရင်း (ရွှေဂုံတိုင် ခုံးတံတားအေား)ရှိ YOUTH International College (YIC)က စီစဉ်သည့် ပထမဆုံးအကြိမ် YIC–RUN 2025 ပြေးပွဲကြီးကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။




ဒီဇင်ဘာအားကစားလ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် YIC–RUN 2025 ပြေးပွဲသည် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ အားကစားဝါသနာရှင်များ၏ ကျန်းမာရေးနှင့် ပညာရေးအတွက် လာမည့် ၂၀၂၆ နှစ်သစ်မှာ ခွန်အားသစ်၊ အခွင့်အလမ်းသစ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

နံနက် ၆ နာရီတွင် YIC Campus မှ စတင်တာလွှတ်ပြီး ကန်တော်ကြီးရှိ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံအထိ အသွားအပြန် စုစုပေါင်း ၄ ကီလိုမီတာ ပြေးလမ်းကြောင်းအတိုင်း ဝင်္ကဘာလမ်းမှ လှည့်ကာ YIC Campusသို့ပြန်လည်ရောက်ရှိ၍ ပန်းဝင်ခဲ့ကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ပန်းဝင်သူများကို YIC ရဲ့ CEO & Founder ဒေါက်တာဇော်လင်း၊ Co–Founder & Director ဒေါက်တာယဉ်သူအေးနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းပြေးပွဲသို့ YIC ကျောင်းသား ကျောင်းသူများအပြင် မိဘအုပ်ထိန်းသူများနှင့် ပြင်ပမှအားကစားဝါသနာရှင်များ အပါအဝင် အားကစားသမားပေါင်း တစ်ရာခန့် တပျော်တပါးဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ကိုဌေး**

# ဒလမြို့နယ်၌ ဆီထွက်သီးနှံ (နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်းနှင့် ပိုက်ဆံလျှော်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒလ မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် သီးထပ် ဆီထွက်သီးနှံ (နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်းနှင့် ပိုက်ဆံလျှော် ကြဲပက်ကွင်းသရုပ်ပြခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရဲချောင်းဝကျေးရွာ အုပ်စုရှိ တောင်သူ ဦးဝင်းမြင့်ပါ လေးဦး ပိုင်ဆိုင်သည့် လယ်မြေ ဧရိယာ ၁၀ ဧက၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြော ကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ကိုယ်စားပြု ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက တောင်သူများထံ နေကြာမျိုးစေ့၊ ပိုက်ဆံလျှော် မျိုးစေ့၊ ပျားပုံးများ၊ တိုက်ရိုက် မျိုးစေ့ချ ကိရိယာများနှင့် ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ သည်။ ဆက်လက်၍ ရဲချောင်းဝ ကျေးရွာအုပ်စု တောင်သူ ဦးဝင်းမြင့် ၏ လယ်မြေတွင် ဆောင်းသီးနှံ (နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ အနိမ့်တင်(၂)ချပ်တွဲ ဆိုလာပန့် သရုပ်ပြသခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# သုံးခွမြို့နယ်၌ ပဲတီစိမ်းစိုက်တောင်သူများအတွက် နည်းပညာပေး သင်တန်းဖွင့်လှစ်

သုံးခွ ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူ များအတွက် တောင်သူနည်းပညာပေးသင်တန်းကို သုံးခွမြို့နယ် လေးကျွန်းမာန်အောင်ဘုရားဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီက ဖွင့်လှစ် သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုးက ပဲတီစိမ်းများအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုအခြေအနေများ၊ ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများ၊ ပဲတီစိမ်းတင်ပို့ ရောင်းချရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍စိုက်ပျိုးရေးဦးစီးဌာန သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာ ပညာရှင်များက မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအား လိုက်နာဆောင်ရွက်နိုင်ရေး၊ မြေဆီလွှာ အာဟာရစီမံခန့်ခွဲခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစနစ် တကျသုံးစွဲရေး၊ ဖျက်ပိုးများအား ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ် များအသုံးပြု၍ ကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးများကို လိုအပ်မှသာ စနစ်တကျ အသုံးပြုရေးတို့ကို ဆွေးနွေးပို့ချခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးရေးနည်းစနစ်များ နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သင်တန်းနည်းပြများ က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

# တောင်ကြီးမြို့နယ်၌ ဆောင်းနေကြာသီးနှံစိုက်ပျိုးရန် မြေယာပြုပြင်နေမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



တောင်ကြီး ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ချယ်ရီမြေစိုက်ပျိုး ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် သိန်းခ ထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ ဆောင်းနေကြာစိုက်ပျိုးရန် ပြင်ဆင်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုး တင့်နှင့် တာဝန်ရှိသူများက တောင်ကြီးမြို့နယ်အတွင်း သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (သက်တန့်ရောင်စီမံကိန်း) ဆောင်းနေကြာစိုက်ပျိုးရန် မြေယာပြုပြင်ထွန်ယက်နေသည့် ဘုရား ငါးဆူကျေးရွာရှိ ချယ်ရီမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမ ဝါယမအသင်းလီမိတက်၏ စိုက်ဧက ၂၀၀ နှင့် ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အသင်းမှ ဆောင်းနေကြာရုရှားမျိုး စိုက်ပျိုးမည့် စိုက်ဧက ၁၀ ဧက၌ မြေယာပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး သွင်းအားစုမျိုးကောင်း မျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ဝိုးတောင်း**

# သန်လျင်မြို့နယ်၌ နွေစပါးစိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြသ



ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့က တောင်သူများသို့ မျိုးစေ့ချ ကိရိယာများ၊သွင်းအားစုဓာတ်မြေ ဩဇာ ထောက်ပံ့ခြင်းနှင့် မျိုးစေ့ချ ကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက် ၉နာရီက သန်လျင်မြို့နယ် ဘယက် ကျေးရွာ တောင်သူ ဦးကျော်ဝင်း နိုင်၏ လယ်မြေဧက ၁၀၀ ၌ ကျင်းပသည်။

ဦးစွာ သန်လျင်ခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက အမှာ စကားပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်နှင့် တိုင်းဒေသကြီး စက်မှု လယ်ယာဦးစီးဌာန တိုင်းဒေသ ကြီးဦးစီးမှူး ဦးတင်မောင်ကြည် တို့က မျိုးစေ့ချကိရိယာများအား စနစ်တကျ ကိုင်တွယ်အသုံးပြု ခြင်းဖြင့် တောင်သူများရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ချ ကိရိယာနှင့် သွင်းအားစုဓာတ်မြေ ဩဇာများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်နိုင်၊ တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးမှူး ဦးတင်မောင်ကြည်နှင့် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းတို့က ပေးအပ် ကြသည်။

ထို့နောက် တက်ရောက်လာကြ သူများနှင့် ဒေသခံတောင်သူများ က နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကွင်းသရုပ်ပြခြင်း၊ ဆိုလာစနစ်ဖြင့် ရေသွင်းနေမှုနှင့် မျိုးစေ့ချကိရိယာများကို ကြည့်ရှု ခဲ့ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# တွံတေးမြို့နယ်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တွံတေး ဒီဇင်ဘာ ၁၄

ရန်ကုန် တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးမွေးမြူ ရေးဇုန် စီမံခန့်ခွဲရေးကော်မတီ (EC)ရုံး၌ တွံတေးမွေးမြူရေးဇုန် အတွင်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက် ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ယမန်နေ့ နံနက်၉ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တွံတေး မွေးမြူရေးဇုန် အနီးကပ်ကြီးကြပ် ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ် က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး မွေးမြူရေး လုပ်ငန်းရှင်များအား စနစ်တကျ ဆောင်ရွက်ကြရန်၊ မွေးမြူရေး အဆောက်အအုံများ စနစ်တကျ တိုးချဲ့ဆောက်လုပ်ရန်၊ တိရစ္ဆာန် အစာပင်များ အကြားအလပ်မရှိ စိုက်ပျိုးဆောင်ရွက်ကြရန်၊ ဇုန် စိမ်းလန်းစိုပြည်ရေးနှင့် ဇီဝလုံခြုံ ရေးအတွက် စိုက်ပျိုးထားသည့် အရိပ်ရ မန်ဂျန်ရှားပင်များအား ထိန်းသိမ်း ဆောင်ရွက်ကြရန်၊ ရေပေးဝေရေး ကိစ္စရပ်များ၊ ဇုန် အပိုင်းအလိုက် လျှပ်စစ်မီး သွယ်တန်းရေး ကိစ္စရပ်များကို လုပ်ငန်းရှင်များက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းရှင်များ ၏ ဆွေးနွေးတင်ပြချက်ကို သက်ဆိုင်ရာဌာနများက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**





# ဝါးခယ်မမြို့နယ်၌ ဆီထွက်သီးနှံ နေကြာ (ရုရှား) မျိုး စိုက်ပျိုးပြသ

ဝါးခယ်မ ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရေလိန်ကျေးရွာရှိ တောင်သူ ဦးဝင်းဗိုလ်၏ လယ်မြေတွင် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဆီထွက်သီးနှံနေကြာ ရုရှားမျိုးအား စိုက်ပျိုး ပြသသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် သမဝါယမ ဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးမင်း၊ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် သမ ဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူ များက ဆီထွက်သီးနှံနေကြာ (MAKHAON KLP/ IPPOLIT/ VULKAN) ရုရှားမျိုးအား တောင်သူ ဦးဝင်းဗိုလ်၏ စိုက်ပျိုးဧက ခြောက်ဧကတွင် လက်စိုက်စနစ်၊ စက်စိုက်စနစ်များဖြင့် စုပေါင်း စိုက်ပျိုးခဲ့ကြောင်းနှင့် အူကျွန်း၊ ကျွန်းကုန်း၊ ကြက်ခတ်ကုန်း၊ မရမ်းချောင်အပါအဝင် အနီး ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး - မတ္တရာ - သပိတ်ကျင်းသွားကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မန္တလေး တိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး-မတ္တရာ-သပိတ်ကျင်းသွားကားလမ်းပေါ်ရှိ ဇရပ်ကွင်းကျေးရွာနှင့် လိပ်ကြကျေးရွာတို့အား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားအား ယနေ့ နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

မန္တလေး တိုင်းဒေသကြီး သပိတ်ကျင်း မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် သပိတ်ကျင်းမြို့၏ တောင်ဘက် မီတာ ၇၀၀၀ ခန့် အကွာရှိ ဇရပ်ကွင်းကျေးရွာအနီးသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာ၏ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက် သမားများသည် ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး-မတ္တရာ - သပိတ်ကျင်းသွား ကားလမ်းပေါ်ရှိ ဇရပ်ကွင်းကျေးရွာနှင့် လိပ်ကြကျေးရွာတို့အား ဆက်သွယ်ထားသည့် တံတားအရှည် ပေ ၈၀၊ အကျယ် ၁၅ ပေရှိ သံကူကွန်ကရစ် တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားအောက်ခြေတိုင်များ ပြိုကျပျက်စီးခဲ့ပြီး ပျက်စီးမှုကြောင့် လူနှင့် ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

အကြမ်းဖက် သမားများသည် နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင် ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပျက်စီးခဲ့သည့် တံတားအား ပုံမှန်အတိုင်းပြန်လည် အသုံးပြုနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




PDF အမည်ခံအကြမ်းဖက်သမားများက သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး-မတ္တရာ-သပိတ်ကျင်းသွားကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားအား တွေ့မြင်ရစဉ်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မဲရုံများအား မီးဘေးလုံခြုံရေးစစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၁၄**

ဧရာဝတီ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်သော အဖွဲ့(၁)သည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံတို့အားလည်းကောင်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်သော အဖွဲ့(၂)သည် ပုသိမ်မြို့ရှိ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းရှိမဲရုံ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၊ အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်းရှိ မဲရုံတို့အား လည်းကောင်း၊ ပုသိမ်ခရိုင်မီးသတ် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရ ဦးဆောင်သော အဖွဲ့(၃)သည် ပညာရေးကောလိပ်ရှိ မဲရုံ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြတ်တိုရှိ မဲရုံ၊ ဘိုးရွှေမြကုန်းကျေးရွာရှိ မဲရုံတို့အား လည်းကောင်း ရွေးကောက်ပွဲ ကျင်းပနေစဉ်ကာလနှင့် ပြည်သူများ ဆန္ဒမဲပေးနေစဉ် အချိန်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေးအတွက် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်သည်။

မဲရုံအနီး ပတ်ဝန်းကျင်လူနေအိမ်များ၊ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများ၊ မဲရုံအနီးပတ်ဝန်းကျင်ရှိ အုတ်ရေလှောင်ကန်များ၊ သဘာဝရေကန်များအား ရေဖြည့်တင်းထားရှိမှုကို တစ်ပါတည်း စစ်ဆေးသည်။

ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ယနေ့အချိန်အထိ မဲရုံစုစုပေါင်း ၁၈၀၇ ရုံအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် မဲရုံများကိုလည်း ဆက်လက်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရောဦးသာ**

## မင်းလှမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**မင်းလှ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဇေယျာသီရိဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ဇေယျာသီရိဈေးမီးဘေးအန္တရာယ် ကင်းဝေးစေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်စိုးလင်းက ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရန်၊ လိုက်နာရမည့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက ဈေးအတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုခန့်**

## မရမ်းကုန်းမြို့နယ်၌ MEVM မဲပေးစက်များ ရောက်ရှိမှု ကွင်းဆင်းစစ်ဆေး

**မရမ်းကုန်း ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ MEVM မဲပေးစက်များ installation ပြုလုပ်နေမှုကို ယနေ့ နံနက်ပိုင်းက မရမ်းကုန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းသူနှင့် အတွင်းရေးမှူး ဒေါ်ရင်နွေတို့က ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က မဲပေးစက်များထားရှိသည့်နေရာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကြိုတင်ဆောင်ရွက်ထားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း(ပြန်/ဆက်)**




ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက စာသင်ကျောင်းများရှိ မဲရုံများအား မီးဘေးလုံခြုံရေးစစ်ဆေး အသိပညာပေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းအောင် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ဖြင့် ပူးပေါင်းစစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်စဉ်။ မင်းထက်သာ

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၆ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုမရှိစေရေး ဆက်လက်ရှာဖွေစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၅ လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၂၉ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရသည်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်ကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်မှုမရှိစေရေး ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို တွေ့ရစဉ်။

**စစ်ဆေးတွေ့ရှိ**

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက် နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တစ်ထပ်အဆောက်အအုံ ခြောက်လုံး၊ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ သုံးထပ်အဆောက်အအုံ ၂၀ နှင့် လေးထပ်အဆောက်အအုံ ခြောက်လုံး စုစုပေါင်း အဆောက်အအုံ ၃၆ လုံးကို ရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခြင်းနှင့် တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းများ မရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့မြင်ရစဉ်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။



## မင်းတုန်းမြို့၌ မီးဘေးကာကွယ်ရေး လိုက်လံဆော်ဩ

**မင်းတုန်း ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်အတွင်းရှိ လုပ်သားပြည်သူများ လိုက်နာဆောင်ရွက်ရန် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာညွှန်ကြားချက်များကို ယမန်နေ့ ညနေ၄ နာရီက မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံဆော်ဩခဲ့ကြသည်။

ထိုသို့ဆော်ဩရာတွင် ယခုအချိန်အခါသည် ပူပြင်းခြောက်သွေ့သောပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသဖြင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် နေအိမ်အဆောက်အအုံတိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံး၊ လှေကားနှင့် မီးသတ်ဆေးဘူးများထားရှိရန်၊ မီးဖိုမီးများ စနစ်တကျအသုံးပြုကြရန်၊ ပျက်စီးချို့ယွင်းနေသော လျှပ်စစ်မီးကြိုးများ၊ မီးခလုတ်များ၊ လျှပ်စစ်ပစ္စည်းကိရိယာများကို အသုံးမပြုကြရန်၊ တောမီးတားလမ်းများ ပြုလုပ်ထားကြရန် လိုက်လံဆော်ဩခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## ဘီးလင်းမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး ဆွေးနွေးဟောပြော

**ဘီးလင်း ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မီးသတ်ဦးစီးဌာနသည် ရွေးကောက်ပွဲကာလအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်လင်းဦးက မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအား မီးဘေးလုံခြုံရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းအား လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ပြင်ဦးလွင်ခရိုင်အတွင်း ပြည်သူများစိတ်အေးချမ်းစွာ မဲပေးနိုင်ရေးနှင့် မဲရုံများမီးဘေးလုံခြုံရေး ဆွေးနွေး

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း တက်ရောက်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလအတွင်း မဲရုံနှင့် မဲရုံပတ်ဝန်းကျင်များတွင် မီးလန့်မှု/မီးလောင်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းလုပ်ငန်းများနှင့် အသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်နှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမီးဘေးလုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းလွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၈၇ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် (၃၈)ကြိမ်မြောက်သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၁၃-၁၂-၂၀၂၅ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

အခမ်းအနားသို့ မွန်မြတ်သော စေတနာသဒ္ဓါထက်သန်စွာဖြင့် အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်များ ဦးဆောင်လှူဒါန်းပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပါသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဒွေးနှင့်ကော်မတီဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးကျော်ဆန်းနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဒေါက်တာခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ)နှင့် အခြားအသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များနှင့်တကွ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၁၅) ရပ်ကွက်၊ တိုးချဲ့ (၃)လမ်း၊ မြေကွက်အမှတ်(၃၄/ခ)တွင်ဆောက်လုပ်ထားသော(၁) ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦရှိ ပထမထပ်၊ အကျယ်အဝန်း(၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားရောင်းချပိုင်ခွင့်ရှိသော ဒေါ်တိုးတိုးအောင်[၁၂/မဂဒ(နိုင်)၀၂၃၃၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုလှိုင် [၉/လဝန(နိုင်)၂၃၅၉၀၆]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁၊ လူနေရပ်ကွက်အမှတ်-၁၊ စိန်ဝန်းလမ်း၊ မြေကွက်အမှတ်-၃၇၁ ဟုခေါ်တွင်သော ဦးဝင်းကြည်[၇/တငန(နိုင်)၀၉၁၈၃၁]+ ဦးဇင်မင်းဝင်း[၁၂/သဃက(နိုင်)၁၄၁၂၆၆] အမည်ပေါက် နှစ် (၆၀)မြေငှားစာချုပ် အမျိုးအစား အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်အနက်မှ အမည်ပေါက် ဦးဇင်မင်းဝင်းက ၎င်းပိုင်ဆိုင်သော ပေ(၂၀x၆၀) မြေကွက်နှင့် ယင်းမြေနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းပြီး ၎င်းတစ်ဦးတည်းမှ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်လတ်[၁၂/လသယ(နိုင်)၀၄၁၂၅၈]နှင့် ဒေါ်နုမေ [၁၂/တတန(နိုင်)၂၃၀၄၄၂] တို့မှလည်း ဝယ်ယူရန်သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်လတ် နှင့် ဒေါ်နုမေတို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမော်**
**တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်-၁၀၇၂၄)**
**အမှတ်-၁၉၅၊ နတ်သျှင်နောင်လမ်း(၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၅၄၀၇၈၃၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးသန်းဆွေ [၉/ပမန(နိုင်)၀၁၄၅၂၈]နှင့် ဒေါ်ခင်လှစု [၉/ပမန(နိုင်) ၀၁၄၅၂၇]တို့၏ သမီးဖြစ်သူ ဒေါက်တာနှင်းအိလှိုင်ဆွေ [၉/ပမန(နိုင်)၁၄၃၄၁၀]သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲမိဘများဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**မိဘများ**
**ဦးသန်းဆွေ-ဒေါ်ခင်လှစု**
**မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၂-ရပ်ကွက်၊ အောင်သဇင်-၃လမ်း၊ အမှတ်-၅၉၂နေ မမေသူဇော် ရွှေပေါက်ကံမြို့သစ် ထခ္ခလ (၁၀) GRADE 11 ကျောင်းသူ၏ဖခင် ဦးမြင့်အေး[၈/နမန(နိုင်)၀၇၃၇၁၂]နှင့် ဦးမြင့်ဇော်သိန်းသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၄)၊ မြေကွက်အမှတ် (၃၃၆) ဟုခေါ်တွင်သော ဧရိယာ(၄၀x၆၀) ပေရှိ ဒေါ်လှကြည် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးဇော်မိုးအောင် [၁၂/သလန(နိုင်)၀၀၀၀၄၇] မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤပါမစ်မြေကွက် အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နန်းနီလာချစ်ဆွေ** | **ဒေါ်ယွန်းသန္တာအောင်** |
| **(LLB, DBL, D.IL, D.IPL)** | **(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ် -၃၉၅၆၁)** | **အထက်တန်းရှေ့နေ (စဉ်- ၄၈၁၂၇)** |

**အမှတ် (၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း -၀၉-၂၅၄၅၄၇၁၂၈၊ ၀၉- ၇၅၅၄၉၁၂၄၄၊ ၀၉-၂၆၃၇၃၀၃၇၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅) ရပ်ကွက်၊ (၃၇)လမ်း(အောက်)၊ အမှတ်(၉၆/၉၈)၊ ဒုတိယထပ်၊ (၃လွှာ) (မျက်နှာမူလျှင် ဝဲဘက်) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂ ½ x၅၀)ပေ ရှိ ခဲတက်လှေကားပါတိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ၊ အဲယားကွန်း၊ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကောင်းမြတ်ထက် [၁၂/လသယ(နိုင်)၀၇၃၆၅၆]က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူ ဝန်ခံရောင်းချရာ ဒေါ်အိမ့်မြတ်နိုးဝင့်[၁၃/ကလန (နိုင်)၁၂၁၂၈၉] မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အစုံအလင်နှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ အဖျားငှက်ချေးဝင်းကျေးရွာ၊ ကွင်းအမှတ်-(၇၈ဃ)၊ ကွင်းအမည်-ညောင်တပင်တောင်၊ ဦးပိုင်အမှတ်-၁၃/၄၊ မြေကွက်အမှတ်-၉၂၉၊ မြေငှားစာချုပ်/ဂရန်တွင် ဦးသန်းဝင်းဦး (အဖ) ဦးဉာဏ်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - [၁၂/ပဘတ(နိုင်)၀၀၉၁၃၁] အမည်ပေါက် ဧရိယာ (၁)ဧက ကျယ်ဝန်းသည့် စက်မှုစီးပွားမြေငှားဂရန်မြေကွက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ အဖျားငှက်ချေးဝင်းကျေးရွာ၊ ကွင်းအမှတ်-(၇၈ဃ)၊ ကွင်းအမည်-ညောင်တပင်တောင်၊ ဦးပိုင်အမှတ်-၁၃/၄၊ (၁၃-၆-၂၀၁၃)ရက်စွဲပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်တွင် ဦးသန်းဝင်းဦး (အဖ) ဦးဉာဏ်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ပဘတ(နိုင်)၀၀၉၁၃၁] အမည်ပေါက် ဧရိယာ(၃.၂၈)ဧက ကျယ်ဝန်းပြီး ၎င်းအမည်ပေါက် စက်မှုစီးပွားမြေငှားဂရန်မြေ (မြေကွက်အမှတ်-၉၂၉) ဧရိယာ(၁)ဧကအား ဖယ်ထုတ်ပြီး ကျန်ရှိသည့် ဧရိယာ(၂.၂၈)ဧက ကျယ်ဝန်းသည့် လယ်(R2)မြေအမျိုးအစားတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် ဦးသန်းဝင်းဦး [၁၂/ပဘတ(နိုင်)၀၀၉၁၃၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန်းတင့် B.A(Law), LL.B** | **ဦးထက်ဝေမြင့် B.A (Eng), PGDL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၈၅၇)** |
| **ဖုန်း - ၀၉-၅၀၉၉၆၃၇** | **ဖုန်း - ၀၉-၇၅၅၇၅၆၈၈၄** |

**ရုံး - အမှတ်(၂၁၈)၊ The Century Condo Tower (D)၊ အခန်း (၂၃၀၆)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

(ဒဂုံအရှေ့)
(ဒဂုံဆိပ်ကမ်း)
မြေကွက်များ
ဈေးကောင်း
ပေးဝယ်ပါမည်
09 760760764

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးမြင့်အောင်၏ သမီး ကျွန်မ မစူးစူးမြင့်အောင်[၁၂/ကတန(နိုင်)၁၁၄၀၂၃]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၈)လမ်း၊ မြေကွက်အမှတ်(၆၁၈/ခ)၊ ဦးအောင်သန်းစိန် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ(၂၀x၆၀)အနက်မှ မြေကွက်အမှတ်-၆၁၈/ကနှင့် ကပ်လျက်ဘက်ဖြစ်သော မြေအကျယ် ပေ(၁၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ ရေမီးပါသည့် နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နှင်းဇာနည်ဖြူ [၁၂/လကန(နိုင်)၁၈၅၂၅၆] မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်သင်းသင်းအောင်[၁၄/ မအပ(နိုင်)၂၅၄၃၅၂] မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤ ကြော်ငြာစာပါသည့်နေ့မှ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းအောင် ၏ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာအုပ်စု၊ ကွက်သစ်ရပ်ကွက်၊ ပန်းတစ်ပွင့်တောင်ထိပ်လမ်းရှိ(၄၀x၈၀)ပေ အကျယ်အဝန်းရှိ ရွာမြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်နေအိမ်၊ ဘေးအဖီ ရေ၊ မီး အစုံအပါအဝင် နှင့် ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်တင့်တင့်လွင် (ဘ)ဦးကျော် [၁၂/တတန(နိုင်)၀၅၂၈၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမွန်သဲ (ဘ)ဦးမြင့်ဦး [၁၂/လကန(နိုင်)၂၂၁၃၄၃]က (၁၃-၁၂-၂၀၂၅)ရက်နေ့တွင် အိမ်နှင့် ခြံမြေအရောင်းအဝယ် စာချုပ်ချုပ်ဆို ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုမွန်သဲ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မဇ္ဈူကျော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၆၇)**
**(အ/၃၁၁)၊ ကမ်းနားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၁၀၉၃၁၆၃**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်(၃၆/ခ) ဟုခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ မြန္မာလမ်းသွယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၃၀/က)၊ မြေအမျိုးအစား- မြေပိုင်မြေ-လ/န ၃(ခ) ရရှိပြီး ဧရိယာ (၀.၁၆၆)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားစီမံလျက်ရှိသော ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နီဝင်း[၁၂/တကန(နိုင်)၁၃၇၇၅၄]+ ၃ တို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးတင်မောင်သိန်း | ဦးကျော်ကျော်လွင် | ဒေါ်အေးမြတ်မွန် |
|---|---|---|
| (စဉ်-၅၃၃၈) | (စဉ်-၁၈၃၉၈) | (စဉ်-၁၉၉၀၀) |
| B.A, RL, D.B.L, D.I.L | LL.B, LL.M, D.I.L | LL.B, LL.M, M.Res |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၇၆၁၅၈၊ ၀၉-၄၃၀၆၄၆၄၇၊ ၀၉-၂၅၄၁၃၇၁၁၆၊ ၀၉-၂၅၄၀၆၈၇၇၅**

**ကန့်ကွက်နိုင်ပါကြောင်း**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပျဉ်းမနားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/မစိုးရိမ်အနောက်)၊ လူနေရပ်ကွက်အမှတ်(ရွှေချီရပ်ကွက်)၊ (၄)လမ်း/ဦးပွားလမ်းနှင့် မောင်ခင်လမ်းထောင့်၊ အမှတ်(၁၁/၅၀) ဦးပိုင်အမှတ်(၄၂ᶜ)၊ အကျယ်အဝန်း(၀.၀၅၅)ဧက (ဦးမောင်မောင်-အမည်ပေါက်) + ဦးပိုင်အမှတ် (၄၂ᵉ) အကျယ်အဝန်း (၀.၀၈၂)ဧက (ဦးမောင်မောင် - CF-၁၀၁၇၅၄ + ဇနီး ဒေါ်ဌေးဌေးဝေ WKA-၀၂၈၉၃၁ အမည်ပေါက်) ဦးပိုင်အမှတ်(၄၂ᵃ)၊ အကျယ်အဝန်း (၀.၀၃၄)ဧက (ဦးမောင်မောင် + ဒေါ်လတ်လတ်ဝင့်မောင်+ ဦးကျော်မောင်မောင်ဦး အမည်ပေါက်) ဘိုးဘပိုင်/မြို့မြေ မြေကွက်(၃)ကွက်တွဲနှင့် အဆိုပါမြေကွက်များပေါ်မှ ခုတင်(၁၆)လုံးဆံ့ ပုဂ္ဂလိကရေဆင်းဆေးရုံ အဆောက်အဦအပါအဝင် + ဆေးရုံလိုင်စင် + ဆေးရုံနှင့် ပတ်သက်သမျှ ဆေးရုံပေါ်မှ တွယ်ကပ်တပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သည့် + ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့်တကွ ပါဝင်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်။**

အထက်ပါ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ တရားဝင်လက်ဝယ်ထားလက်ရှိပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးမောင်မောင် [၉/ပမန(နိုင်)၀၀၇၃၆၁] + ဒေါ်လတ်လတ်ဝင့်မောင် [၉/ပမန(နိုင်)၀၀၉၈၁၅]+ ဦးကျော်မောင်မောင်ဦး [၉/ပမန(နိုင်)၀၀၁၈၂၄]တို့ထံမှ ဦးရဲညွှန့် [၁၂/ဒပန(နိုင်)၀၀၄၄၃၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲညွှန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀**

**"အများသိစေရန်ကြေညာခြင်း"**

ဦးစောခင်မောင် (ဘ) ဦးဆိတ်မောင် [၁၁/စတန(နိုင်)၀၂၁၆၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အောက်ဖော်ပြပါ ဒေါ်အေးသိန်း (ဘ) ဦးစံထွန်း [၁၁/စတန(နိုင်)၀၂၃၀၀၅] အမည်ပေါက် မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှ ကျွန်တော်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် (တစ်ဝက်)ပိုင်ဆိုင်ခွင့်ကို (၁၄ -၁၂-၂၀၂၅) ရက်နေ့တွင် ဒေါ်အေးသိန်းထံသို့ အပြီးအပိုင်စွန့်လွှတ်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် အောက်ဖော်ပြပါပစ္စည်းများ၏ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ကျွန်တော် ဦးစောခင်မောင်သည် စီမံခန့်ခွဲပိုင်ခွင့်၊ အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့်လုံးဝမရှိတော့ကြောင်းနှင့် ဒေါ်အေးသိန်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

**"ဒေါ်အေးသိန်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အလုံးစုံစီမံခန့်ခွဲခွင့်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ"**

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကုန်တန်းရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ပီလီခေါင်းအကွက်၊ ဦးပိုင်အမှတ်(၂၈)၊ မြေချိန်ဧရိယာ (၀.၃၇၁)ဧကရှိ ဒေါ်အေးသိန်း [၁၁/စတန(နိုင်)၀၂၃၀၀၅]အမည်ပေါက်၊ ဘိုးဘပိုင်အိမ်ရာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အဦအပါအဝင် ယင်းမြေကွက်ပေါ်တွင် ဒေါ်အေးသိန်းအမည်ပေါက် လုပ်ငန်းလိုင်စင်ဖြင့် ယနေ့ချိန်ထိ တည်ရှိလုပ်ကိုင်လျက်ရှိသော(ဖြိုးဝေသစ်ခွဲစက်)လုပ်ငန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

၂။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ ကျေးတောကျေးရွာအုပ်စု၊ အကွက်အမှတ်(၁)၊ ပြည်တော်သာရွာအကွက်၊ ဦးပိုင်အမှတ်(၂၂၈)၊ ပိုင်ဆိုင်ခွင့် (L)၊ မြေအမျိုးအစား(ရွာမြေ) မြေဧရိယာ(၀.၀၃၉)ဧကအကျယ်ရှိဒေါ်အေးသိန်း [၁၁/စတန(နိုင်)၀၂၃၀၀၅] အမည်ပေါက် ဂရန်အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

၃။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကျေးတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၄)၊ ကွင်းအမည်-ကျေးတောအနောက်၊ ဦးပိုင်အမှတ်-၈၁/၂၊ ဦးဦးလှမောင် အမည်ပေါက် လယ်ယာမြေအမျိုးအစား၊ မြေချိန်ဧရိယာ (၀.၈၀)ဧကအကျယ်ရှိမြေကွက်နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကျေးတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၄)၊ ကွင်းအမည်-ကျေးတောအနောက်၊ ဦးပိုင်အမှတ်-၆၇၊ ဦးလှမောင်သိန်း အမည်ပေါက် လယ်ယာမြေအမျိုးအစား၊ မြေချိန်ဧရိယာ(၁.၂၀)ဧကအကျယ်ရှိ မြေကွက် စသည့်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးစောခင်မောင်** | **ဦးဘထွန်း H.G.P, B.A(Law).,LL.B** |
| **[၁၁/စတန(နိုင်)၀၂၁၆၁၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၃၇)** |
| | **အမှတ်(၆၇/ခ)၊ ရာကျော်(၂)လမ်း၊ (ဂ)ရပ်ကွက်၊** |
| | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၅၂၅၀၆၃၀** |

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ်(၂၆၈/က+ခ)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ် (၄-လွှာ)၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အရပ်ရပ်အကျိုးခံစားခွင့်အား တရားဝင်ပိုင်ဆိုင်ထားသူဖြစ်သည့် ဒေါ်မြတ်မြတ်ခိုင် [၁၂/ဗဟန(နိုင်)၀၀၀၆၁၇] မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဇော် [၁၄/အမတ(နိုင်)၀၀၀၂၉၃] က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါ က အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာချို LL.B., DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၀)**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉**

**"(၉-၁၂-၂၀၂၅)ရက်စွဲပါ အစုရှယ်ယာလုပ်ငန်းအား ရှင်းလင်းပြီး၍ ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ဒေါ်ခင်လပြည့်ဝန်း [၁၂/ဥကတ(နိုင်)၁၆၀၄၀၄]၊ ဒေါ်စုစန္ဒီဇော် [၁၂/လမန(နိုင်)၁၄၂၃၀၂]၊ ဦးဇေယံဖြိုးကျော် [၁၂/အစန(နိုင်)၁၉၈၁၉၇]တို့ သိစေရန်ကြေညာချက်"**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဒေါ်ဝသုန်ထက် [၁၂/တမန(နိုင်) ၁၁၀၅၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည် -

ဒေါ်ခင်လပြည့်ဝန်း၏ ယောက္ခမဖြစ်သူ ဒေါ်စံပယ်ပိုင်နေအိမ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊ အမှတ်(၃၁)တွင် ငှားရမ်းဖွင့်လှစ်ထားသော **"Beauty Heaven Aesthetic Center"** လုပ်ငန်းအား ခင်လပြည့်ဝန်း၊ ဒေါ်စုစန္ဒီဇော်၊ ဦးဇေယံဖြိုးကျော်တို့မှ အထက်ဖော်ပြပါ လုပ်ငန်းအားကျွန်ုပ်မိတ်ဆွေ ဒေါ်ဝသုန်ထက် [၁၂/တမန(နိုင်)၁၁၀၅၀၂]မှ အကျိုးတူ ရင်းနှီးမြှုပ်နှံမှုမပြုမီ တစ်နှစ်ခန့်ကတည်းက လူကြီးမင်းတို့မှ **"Beauty Heaven Aesthetic Center"** လုပ်ငန်းအား စတင်လုပ်ကိုင်ခဲ့ပြီး လူကြီးမင်းတို့ဘက်မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝသုန်ထက် [၁၂/တမန(နိုင်)၁၁၀၅၀၂]အား အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝသုန်ထက်မှ အစုရှယ်ယာထည့်ဝင်ခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရသည်။

ကျွန်ုပ်မိတ်ဆွေမှ "(၆-၁၁-၂၀၂၅) ရက်စွဲပါ အသိပေးအကြောင်းကြားစာ" အား ပေးပို့ခဲ့ပြီး အဆိုပါ အကြောင်းကြားစာအပေါ် လူကြီးမင်းတို့ဘက်မှ (၁၃-၁၁-၂၀၂၅)ရက်နေ့တွင် အကြောင်းပြန်ကြားစာပေးပို့ခဲ့ပြီး အဆိုပါ အကြောင်းပြန်ကြားစာပါစကားရပ်များအားလုံးမှာ မှန်ကန်မှုမရှိကြောင်း လူကြီးမင်းတို့အပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းတို့ဘက်မှ **"Beauty Heaven Aesthetic Center"**အားလက်ဝယ်ထားရှိမှု၊ **Center** သို့လာသော **Customer** များအား မိမိတို့စိတ်ကြိုက်ဝန်ဆောင်မှုပေးခြင်း၊ မတည်ရင်းနှီးငွေနှင့် လုပ်ငန်းဝင်ငွေများအား မိမိတို့စိတ်ကြိုက် စီမံခန့်ခွဲမှုအပေါ် ကျွန်ုပ်မိတ်ဆွေဘက်မှ ဆက်လက်၍ အကျိုးတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိသောကြောင့် လူကြီးမင်းတို့နှင့် ကျွန်ုပ်မိတ်ဆွေတို့ ပြုလုပ်ချုပ်ဆိုခဲ့သော "(၂၇-၁၂-၂၀၂၄)ရက်စွဲပါ လုပ်ငန်းအစုရှယ်ယာရောင်းဝယ်ခြင်းသဘောတူစာချုပ်" အရ (၂၇-၁၂-၂၀၂၅) ရက်နေ့တွင် လုပ်ငန်းအား ရပ်စဲမည်ဖြစ်ပြီး ထိုနေ့တွင် လူကြီးမင်းတို့အပါအဝင် ကျွန်ုပ်မိတ်ဆွေတို့ မျက်နှာစုံညီ၍ **"Beauty Heaven Aesthetic Center"**နှင့် ပတ်သက်သော ပေးရန်၊ ရရန်ကိစ္စရပ်များ၊ မတည်ရင်းနှီးငွေကိစ္စရပ်များအား စာချုပ်စာတမ်းဖြင့်ခွဲဝေရယူညှိနှိုင်းဆောင်ရွက်ရန် အကြောင်းကြားသိစေအပ်ပါသည်။

လူကြီးမင်းတို့ဘက်မှ (၉-၁၂-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂)တွင် အစုရှယ်ယာလုပ်ငန်းအားရှင်းလင်းပြီး၍ ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာချက်မှာ လူကြီးမင်းတို့ဘက်မှ တစ်ဖက်သတ်ကြေညာချက်သာဖြစ်ပြီး **"Beauty Heaven Aesthetic Center"**နှင့်ပတ်သက်၍ အစုရှယ်ယာရှင်များဖြစ်သော လူကြီးမင်းတို့အပါအဝင် ကျွန်ုပ်မိတ်ဆွေတို့ မျက်နှာစုံညီ၍ မတည်ရင်းနှီးငွေ၊ အကျိုး အမြတ်များအား စာချုပ်စာတမ်းဖြင့် ချုပ်ဆိုပေးအပ်ပြီး စာရင်းရှင်းလင်းမှသာ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အထမြောက်မည်ဖြစ်ကြောင်း လူကြီးမင်းတို့အပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းတို့ဘက်မှ ကြေညာခဲ့သော "(၉-၁၂-၂၀၂၅)နေ့ထုတ် ကြေးမုံသတင်းစာပါကြေညာချက်"နှင့် "(၇-၁၁-၂၀၂၅) ရက်စွဲပါ အသိပေးအကြောင်းကြားစာ"၊ "(၁၃-၁၁-၂၀၂၅) ရက်စွဲပါ အသိပေးအကြောင်းကြားစာ" "(၁-၁၂-၂၀၂၅)ရက်စွဲပါ အသိပေးအကြောင်းကြားစာ" များသည် မည်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်သဇင်မြင့် တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၄၈)မှ ပေးပို့ခဲ့ခြင်း၊ ကြေညာခဲ့ရခြင်းမှာ ပေါ်လွင်မှုမရှိကြောင်း လူကြီးမင်းတို့အပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းတို့ဘက်မှ ကျွန်ုပ်မိတ်ဆွေအပေါ် ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန်၊ **Facebook, Telegram, Viber, Tiktok, Messenger,** အခြားလူမှုကွန်ရက်များပေါ်တွင် မဟုတ်မမှန်ရေးသားစွပ်စွဲခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာစေခြင်းကိစ္စရပ်များကို လုံးဝပြုလုပ်ဆောင်ရွက်ခြင်းမပြုရန် အသိပေးအကြောင်းကြားပါသည်။

ဤကြေညာချက်အပေါ် လူကြီးမင်းတို့ဘက်မှ လိုက်နာမှုမရှိဘဲပျက်ကွက်လျှင် ဥပဒေနှင့်အညီ တရားမကြောင်း၊ ပြစ်မှုကြောင်းအပါအဝင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ဂုဏ်သိက္ခာကျဆင်းမှုအပေါ် အီလက်ထရောနစ်ဆိုင်ရာ ဥပဒေပုဒ်မများအရ တရားစွဲဆိုအရေးယူအပြစ်ပေးနိုင်ရန် လွှဲအပ်ညွှန်ကြားထားကြောင်း လူကြီးမင်းတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝသုန်ထက် [၁၂/တမန(နိုင်)၁၁၀၅၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၃၁၁၃၆၆၆၊ ၀၉-၅၄၀၆၆၁၁**

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ်(၆၅၈/၁)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ (ပထမထပ်/ခေါင်းရင်းခန်း) တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်ချိုသစ် [၁၂/ကမတ(နိုင်)၀၀၇၆၄၉]ထံမှ ဒေါ်မေကြည်ဝင်း [၁၂/ကတတ(နိုင်)၀၁၀၁၀၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေကြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၅)၊ ဦးပိုင်အမှတ်(၉၇)၊ ၆၄ လမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဦးငွေမောင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ငွေမောင်၊ မိခင် ဒေါ်ခင်ရီတို့ကွယ်လွန်၍ ကျန်ရစ်သော သမီးများဖြစ်သည့် ဒေါ်မွန်မွန်သန်း(ခ) မူမူစန်း[၉/မရမ(နိုင်)၀၂၅၀၅၄]၊ ဒေါ်မော်မော်စန်း[၉/မရမ(နိုင်)၀၂၅၀၅၅]၊ ဒေါ်မိုးမိုးစန်း [၉/မရမ(နိုင်)၀၂၅၀၅၁]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၄)၊ ဦးပိုင်အမှတ်(၅-က)၊ ၇၃ လမ်းနှင့် ရေနီမြောင်းလမ်းကြား၊ ၃၉x၄၀ လမ်းကြားရှိ ဒေါ်ခင်စမ်းရီ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးလှိုင်ဝင်းအေး၊ မိခင် ဒေါ်ခင်စန်းရီ(ခ)ခင်စမ်းရီတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်သော ဦးမိုးဝင်းလှိုင်[၉/မရတ(နိုင်)၀၅၂၁၃၀]၊ ဒေါ်ချောစုစုလှိုင်[၉/မရတ(နိုင်)၁၁၁၉၆၂]၊ ဦးဖြိုးဝေလှိုင် [၉/မရတ(နိုင်)၀၀၂၈၄၇]၊ ဒေါ်သီရိဝေလှိုင် [၉/မရတ(နိုင်)၁၁၂၄၀၉]၊ ဦးကျော်စွာလှိုင် [၉/မဟမ(နိုင်)၀၁၀၆၆၈]တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ-ရပ်ကွက်၊ အကွက်အမှတ် (တတ-၃)၊ ဦးပိုင်အမှတ်(၆)၊ ၆၁x၆၂ လမ်းကြား၊ ၁၂၃x၁၂၄ လမ်းကြားရှိ ဦးခင်မောင်အေး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နန်းလင်းလင်းနောင်က တရားပြိုင် ဦးခင်မောင်အေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၄၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်နန်းလင်းလင်းနောင် [၉/ပသက(နိုင်)၂၀၃၀၂၉] က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ည-ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၈)၊ ဦးပိုင်အမှတ်(၉၄)၊ ၅၈x၅၉ လမ်းကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဦးချစ်ဌေး(ခ) ဦးချစ်ထွေး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးစိုးဌေးက တရားပြိုင် ဦးချစ်ဌေး(ခ)ချစ်ထွေး (၎င်း၏ SP ရရှိသူ ဒေါ်မာမာ) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၇၂/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးစိုးဌေး [၉/ပကခ(နိုင်)၀၀၇၂၅၀] က ဂရန်စာချုပ် တရားရုံးအမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၄)၊ ဦးပိုင်အမှတ်(၁၀)၊ ၄၅x၄၆ လမ်းကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးကြည်အောင် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်မီးမီး(ခ) စုစုခင်[၉/မရမ(နိုင်)၀၇၈၈၃၈]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၁)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၄ လမ်း၊ ၄၃ လမ်းနှင့် သိပ္ပံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းသန်းထွေး [၁၃/တကန(နိုင်)၀၆၆၆၇၁]က ဂရန်မူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်နှင့် တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမှုတွဲအမှတ်(၄၄၀၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉၀၂)၊ ဦးပိုင်အမှတ်(၁၄၃)၊ ရန်-မန်းလမ်း၊ ၁၀၃x၁၀၃ (A) လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးတင်ဝင်း၊ ဒေါ်ညွှန့်ရီတို့ (၂)ဦးအနက် ဇနီးဖြစ်သူ ဒေါ်ညွှန့်ရီကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၇၆၂/၂၀၂၅)ဖြင့်အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးတင်ဝင်း [၉/မရတ(နိုင်)၀၃၂၀၀၂]က အမှုတွဲအမှတ်(၄၃၇၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြု သုတေသနများအစပြု ဖော်ဆောင်ရာ နေရာလည်းဖြစ်…

❖ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့် အရင်းအမြစ်များ မွေးထုတ်ရာတက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်နေ…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဆီးဂိမ်း ဘီလီယက်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်ဆုဆွတ်ခူး



ရန်ကုန် ဒီဇင်ဘာ ၁၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဘီလီယက်အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း အနိုင်ရရှိပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

### ရွှေတံဆိပ်ဆုရယူပေး

ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတွေ့ဆုံခဲ့ပြီး မြန်မာအသင်းက ၃-၁ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နာမည်ကြီးကစားသမား ပီတာဂေးလ်ခရစ် ဦးဆောင်လာသည့် စင်ကာပူအသင်းကို အနိုင်ယူကာ ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘီလီယက်အဖွဲ့အတွက် ရွှေတံဆိပ်ဆု ရယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၀၀-၄၆ မှတ်ဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲငယ်တွင် ၁၀၀-၆၈ မှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် လက်ကျန်ပွဲငယ်များမှာ အရေးပါလာပြီး တတိယပွဲငယ်တွင်

စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ❖

## ဆီးဂိမ်း ပိုက်ကျော်ခြင်း သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲပြီးဆုံးပြီး မြန်မာအသင်း ကြေးတံဆိပ်နှစ်ခုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

ဆီးဂိမ်း ပိုက်ကျော်ခြင်း သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာအသင်းက ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်တွင် အရေးနိမ့်သဖြင့် ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရပြီး အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မလေးရှားအသင်းက ထိုင်းအသင်းကို ၂-၁ ပွဲ၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ၂-၀ ပွဲဖြင့် အနိုင်ရရှိသည်။ စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ☆



## ဆီးဂိမ်း အမျိုးသမီးဘောလုံး ဗိုလ်လုပွဲသို့ လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်း တက်ရောက်



ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဒီဇင်ဘာ ၁၄

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၄ ရက်က ချောင်ဘူရီမြို့၌ကျင်းပရာ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။

### ပင်နယ်တီဖြင့်ဆုံးဖြတ်

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို ငါးဂိုးပြတ် အနိုင်ရပြီး အိမ်ရှင်ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းပွဲတွင် မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ ဖိလစ်ပိုင်အသင်းက လေးဂိုး-နှစ်ဂိုး စုစုပေါင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။

ဗီယက်နမ်အသင်းသည် အင်ဒိုနီးရှားအသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် လေးဂိုးထပ်သွင်းခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် ဂိုးများကို ၂၈၊ ၈၀ မိနစ်တွင် ငုယင်သီဘီသွေ၊ ၄၉၊ ၅၈ မိနစ်တွင် ဖန်ဟိုင်ယင်၊ ၈၆ မိနစ်တွင် ဟိုင်နျူတို့က သွင်းယူခဲ့သည်။ အိမ်ရှင်ထိုင်းနှင့် ဖိလစ်ပိုင်အသင်းပွဲမှာ သာမန်ပွဲကစားချိန်တွင် အရှုံးအနိုင်မပေါ်သဖြင့် ပင်နယ်တီအထိ ခရီးဆက်ခဲ့ရပြီး စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ★

### ယနေ့ ဖတ်စရာ

**ပြေးခုန်ပစ်နှင့် ဂျူဒိုအားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့ ဆုတံဆိပ်များ ထပ်မံရရှိ**

စာမျက်နှာ » ၁၃

**သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာအနီး မန္တလေး - မတ္တရာ - သပိတ်ကျင်းသွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ » ၂၂



**အိုဆာဆူနာအသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နိုင်ပြီး ဘာစီလိုနာအသင်း ဇယားထိပ်၌ ခုနစ်မှတ်ဖြတ်ဦးဆောင်**

စာမျက်နှာ » ၂၅